Funded by: UK aid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၁၅

## ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၁၅။ ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ နောက်ဆုံး**ပိုင်းဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်း များသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ ကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားများ၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း |
| ၁၂ | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း |
| ၁၃ | ခြားနားမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင်ယူသူများအားလုံးကို ပံ့ပိုးပေးခြင်း |
| ၁၄ | အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း |
| **၁၅** | **ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု** |


ဤသင်ရိုးပိုင်းတွင် စစ်ဆေးအကဲဖြတ်ပုံအမျိုးမျိုး၊ အကျိုးကျေးဇူးနှင့် အားလုံးအကျုံးဝင်မှုနှင့်ဆက်စပ်ပုံတို့အား လေ့လာပါမည်။ သင်ယူမှုဖြစ်စဉ်အပေါ် စစ်ဆေးအကဲဖြတ်မှု၏သက်ရောက်ပုံကို အာရုံစိုက်ပြီး အားလုံးပိုမိုအကျုံးဝင်သည့် စစ်ဆေး အကဲဖြတ်မှုကို ဖြစ်စေသည့် ဗျူဟာနှင့်သာဓကများပေးထားပါသည်။

သင်၏ပြန်လည်ဆင်ခြင်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည်ဖြစ်သောကြောင့် မှတ်စု ကောင်းကောင်း ရေးပြီး မိမိ၏ လက်ရှိနှင့်အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။ ဤ CPD သင်ရိုးပိုင်းသည် သင်နှင့်သင့်လုပ်ဖော်ကိုင်ဖက်တို့အကြား လုပ်ငန်းတူအဖွဲ့များ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ ဤနည်းအားဖြင့် သင်ကြားရေးတွင် အားလုံးအကျုံးဝင်အလေ့အကျင့်များ ပံ့ပိုးချဲ့ထွင်အသုံးပြုနိုင်ပြီး ဆရာအတတ်သင် ကျောင်းသူကျောင်းသားများကလည်း အားလုံးအကျုံးဝင်မှုကိုသင်ကြားရေးနှင့်အနာဂတ်လုပ်ငန်းခွင်အတွက် ဆင့်ပိုးတည်ဆောက် နိုင်ပါမည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်ဆင်ခြင်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ပြန်လည်ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း ပြန်လည်ဆင်ခြင်သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

Source: Rose, N. (2018) Personal Learning Journals

မိမိအသုံးပြုရလွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများ ဖြေကြားသည့် မှတ်စုများရေးနိုင်သည်။

| ဒီနေ့ဘာလေ့လာခဲ့သလဲ။ | မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။ | လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။ |
|---|---|---|
| မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။ | ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။ | |

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်ဆင်ခြင်သုံးသပ်နိုင်ပါသည်။


## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယား တစ်ခုဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ဖော်ကိုင်ဖက်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန် ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက် အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် '**Think, pair, share**'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




| |
|---|
| တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။ |
| အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။ |
| မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေအတူတူတိုက်ကြရန်။ |

## သင်ရိုးပိုင်း ၁၅ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့်အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့်လက်တွေ့လုပ်ဆောင်ပုံကို ဖော်ပြခြင်း**

**၂. ပညာရေးတွင် စစ်ဆေးအကဲဖြတ်မှု၏အဓိပ္ပါယ်နှင့် သင်ယူမှုဖြစ်စဉ်အပေါ်သက်ရောက်ပုံကို ရှင်းပြခြင်း**

**၃. သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်မှု၏ အကျိုးကျေးဇူးများကို ရှင်းပြခြင်း**

**၄. အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု၊ သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု၊ သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုတို့ အကြား ချိတ်ဆက်မှုကို နားလည်ခြင်း**

**၅. အားလုံးအကျုံးဝင်မှုနှင့်စစ်ဆေးအကဲဖြတ်မှုတို့အကြား ချိတ်ဆက်မှုကို နားလည်ခြင်း**

## ၁. နိဒါန်း

ပြီးခဲ့သည့် သင်ရိုးပိုင်း ၁၄ သည် အပြုအမူအမျိုးမျိုးနှင့်ဖြစ်နိုင်သည့်အကြောင်းရင်းများကိုကြည့်ခဲ့ပြီ။ မလိုလားအပ်သည့် အပြုအမူများကို ကြိုတင်ကာကွယ်ခြင်း၊ မိမိတို့သင်ကြားသည့် ကျောင်းသူကျောင်းသားများအကြား လိုလားအပ်သည့် အပြုအမူများကို အားပေးခြင်းတို့အတွက် နည်းလမ်းများဖော်ထုတ်ခြင်းကို အာရုံစိုက်ခဲ့ပါသည်။

ဤသင်ရိုးပိုင်းတွင် စစ်ဆေးအကဲဖြတ်ပုံအမျိုးမျိုးကို နားလည်ရန် အရေးကြီးပုံ၊ ၎င်းတို့သည် သင်ကြားသင်ယူမှုအပေါ် သက်ရောက်ပုံတို့ကို လေ့လာကြပါမည်။ စစ်ဆေးအကဲဖြတ်မှုအသုံးပြုပုံနှင့် အားလုံးအကျုံးဝင်စေရန် စူးစမ်းရပါမည်။

အောက်ပါတို့ကို သင် လုပ်ဆောင်ရပါမည်။

- ✓ ခေါင်းစဉ်အကြောင်း စာမျိုးစုံဖတ်စေခြင်း
- ✓ ဗီဒီယိုကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ အဓိကမေးခွန်းများကို စဉ်းစားခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကို ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၆ နာရီခန့်** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ယူမှုအတွေ့အကြုံ ဖြစ်စေရန် မျှော်လင့်ပါသည်။

### သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်ဆင်ခြင်သုံးသပ်ချက် (Reflection)** –မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
|  | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## လုပ်ဆောင်ချက် ၁၅.၁- မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်ဆင်ခြင်သုံးသပ်ချက် - **သင်ကြားမည့်အရာနှင့်သင်ကြားပုံကို အထောက်အကူပြုရန် သင် မည်မျှ စစ်ဆေးအကဲဖြတ်မှုပြုပါသနည်း။** အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။

| သိပ်မလုပ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲလုပ်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။

သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

### ၁.၁.၁ ယခင်သင်ယူမှုနှင့်ချိတ်ဆက်ခြင်း - သင်ရိုးပိုင်း ၁၄ (အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း)

သင်ရိုးပိုင်း ၁၄ မှ ကျောင်းသူကျောင်းသားတို့အပြုအမူတွင် ချက်ချင်းပြောင်းလဲမှုများအတွက် ဖြစ်နိုင်သည့်အကြောင်းတရား (သို့) စာသင်ခန်းတွင်း မလိုလားအပ်သည့်အပြုအမူများအကြောင်း ပြန်တွေးပါ။

ကျောင်းသူကျောင်းသားတို့၏အပြုအမူကို ပြောင်းလဲစေနိုင်သည့် အောက်ပါအကြောင်းရင်းများကိုကြည့်ပါ။ သင်ယူမှုဂျာနယ်တွင် ကူးရေးပြီး စာသင်ခန်းတွင်း ကျောင်းသူကျောင်းသားတို့အပြုအမူအပေါ် ကောင်းကျိုးသက်ရောက်စေနိုင်မည့် ဗျူဟာ (သို့) ဖြေရှင်းချက်တစ်ခုကို အကြံပြုပါ။

| **ကျောင်းသူကျောင်းသားအပြုအမူပြောင်းလဲမှုအတွက် ဖြစ်နိုင်သည့်အကြောင်းရင်း** | **ဖြေရှင်းချက်/နည်းဗျူဟာ** |
|---|---|
| အသိသညာတစ်ခု၊ အကြောင်းအရာတစ်ခုအကြောင်း ကျောင်းသူကျောင်းသားက ယခင်က သိမထားခြင်း | |
| လုပ်စရာသည် ကျောင်းသူကျောင်းသားအတွက်ခက်ခဲနေခြင်း | |
| လုပ်စရာသည် ကျောင်းသူကျောင်းသားအတွက် လွယ်လွန်းနေခြင်း | |
| သင်ကြားပုံသည် ကျောင်းသူကျောင်းသားအတွက် စိတ်ဝင်စားဖွယ်မဖြစ်ခြင်း | |
| ကျောင်းသူကျောင်းသားအတွက် သင့်တော်သည့် ပစ္စည်းကိရိယာမရှိခြင်း | |
| ဘာသာရပ်ကိုစိတ်မဝင်စားခြင်း (သို့) ၎င်း၏ သက်ဆိုင်မှုကို မမြင်ခြင်း၊ ခြုံငုံ၍ ကျယ်ကျယ်ပြန့်ပြန့် မမြင်ခြင်း | |
| အလုပ်ပြီးအောင် အချိန်မလောက်သောကြောင့် စိတ်အလိုမကျဖြစ်သည်။ | |
| ကျောင်းသူကျောင်းသားက လုပ်စရာကို နားမလည်ခြင်း | |
| ကျောင်းသူကျောင်းသားက ဆာလောင်နေသောကြောင့် အလုပ်လုပ်ရန် အင်အားမရှိခြင်း | |
| ကျောင်းသူကျောင်းသားက သင်ပုန်းကိုမမြင်ရခြင်း | |
| ကျောင်းသူကျောင်းသားက မိမိညွှန်ကြားချက်များကို မကြားနိုင်ခြင်း | |
| အုပ်စုဖွဲ့လုပ်ခြင်းသည် ကျောင်းသူကျောင်းသားအတွက်ခက်ခဲခြင်း | |

## ၁.၁.၂ အဖြေ

| ကျောင်းသူကျောင်းသား၏အပြုအမူ ပြောင်းလဲမှုအတွက် ဖြစ်နိုင်သည့် အကြောင်းရင်း | ဖြေရှင်းချက်/နည်းဗျူဟာ |
|---|---|
| အသိသညာတစ်ခု၊ အကြောင်းအရာတစ်ခု အကြောင်း ကျောင်းသူကျောင်းသားက ယခင်က သိမထားခြင်း | ကျောင်းသူကျောင်းသား မည်သည်ကိုသိထားပြီးဖြစ်ကြောင်း စူးစမ်းပါ။ သင်ခန်းစာအစ (သို့) သင်ခန်းစာမတိုင်မီ ကျောင်းသူကျောင်းသားတို့ အကြောင်းအရာသစ်အကြောင်း ဖတ်ခြင်း၊ ဗီဒီယိုကြည့်ခြင်း သို့မဟုတ် ဆွေးနွေးခြင်းများပြုလုပ်ရန်အချိန်ပေးပါ။ |
| လုပ်စရာသည် ကျောင်းသူကျောင်းသား အတွက် ခက်ခဲနေခြင်း | လုပ်စရာလွယ်လွန်းခြင်း၊ ခက်လွန်းခြင်းရှိလျှင် မိမိဘာလုပ်မည်ကို သေသေချာချာ တွေးတောစီစဉ်ပါ။ ကျောင်းသူကျောင်းသားကို အခြားတစ်ဦးနှင့် တွဲ၍လုပ်စေပါ(သို့)ယခင်သင်ခန်းစာမှ အကြောင်းအရာများကို ပြန်သင်ပါ။ အဆင့်ဆင့်သင်ယူမှုအကြောင်း စဉ်းစားပါ။ ယခင်တစ်ဆင့်သည် မည်သို့ ဖြစ်ပါမည်နည်း။ ဥပမာ ကျောင်းသူကျောင်းသားက သင်္ချာတွင် (ကျောက်တုံး ရေတွက်သည့်) လက်တွေ့နည်းများသုံးပြီးညီမျှခြင်းကို မျက်မြင်ဒိဋ္ဌတွေ့ပြီးမှ ကိန်းဂဏန်းကိုပေါင်းနိုင်ပါသလား။ |
| သင်ကြားပုံသည် ကျောင်းသူကျောင်းသား အတွက် စိတ်ဝင်စားဖွယ်မဖြစ်ခြင်း | အာရုံအမျိုးမျိုးဖြင့် သင်ယူသည့် ချဉ်းကပ်နည်းများကို သုံးရန်စီစဉ်ပါ။ (သင်ရိုးပိုင်း ၁၁မှ) တိုဂံအကြောင်းပြန်ကြည့်ပြီး သင်ခန်းစာကို ပိုမို စိတ်ဝင်စားဖွယ်ကောင်းအောင်သင်သည့် နည်းရှိမရှိ စဉ်းစားပါ။ ကျောင်းသူကျောင်းသားတို့သည် သင်ယူခြင်းကို ဆွေးနွေးရန် အချိန်ပိုလိုအပ်ပါသလား။ သင်ယူမှုဖြစ်စဉ်တွင် ၎င်းတို့ ပိုမိုပါဝင်နိုင်ပါမလား။ |
| ဘာသာရပ်ကိုစိတ်မဝင်စားခြင်း (သို့) ၎င်း၏ သက်ဆိုင်မှုကို မမြင်ခြင်း၊ ခြုံငုံ၍ ကျယ်ကျယ်ပြန့်ပြန့် မမြင်ခြင်း | ကျောင်းသူကျောင်းသားတို့ကို ယနေ့ဘာကြောင့် သင်ယူနေကြောင်း၊ သင်ယူနေသည့်အရာသည် ဘယ်နေရာမှာ အသုံးဝင်ပါကြောင်း၊ ကျောင်းသူကျောင်းသားများနှင့်လည်းကောင်း၊ ၎င်းတို့ဘဝနှင့်လည်းကောင်း သက်ဆိုင်အောင် သင် မည်ကဲ့သို့လုပ်နိုင်ပါမည်နည်း စသည်တို့ကို ပြောပြပါ။ |
| အလုပ်ပြီးအောင် အချိန်မလောက်သောကြောင့် စိတ်အလိုမကျဖြစ်သည်။ | အလုပ်ပြီးအောင်လုပ်ရန် အချိန်ဘယ်လောက်လိုကြောင်း ရွေးစရာများ ပေးပါ။ ဖိအားပေးခံရသည်ဟုမခံစားရရန် ဘယ်အခြေအနေရှိပြီ၊ အချိန်ထပ် လိုမလိုတို့ကို ကျောင်းသူကျောင်းသားများ ဆရာ/မနှင့်ဆွေးနွေးရန် အားပေးပါ။ အလုပ်မြန်မြန်ပြီးရန်ထက် နားလည်ရန် ပိုအရေးကြီးပါသည်။ ဥပမာ မေးခွန်း ၂၀ ပုဒ်ကို အချိန်သတ်မှတ်ပြီး ဖြေခိုင်းခြင်းထက် ကျောင်းသူကျောင်းသားတို့နားလည်မလည်သိရန် မေးခွန်း ၄ ခုကိုဖြေစေပြီး မိမိကိုယ်ကို ယုံကြည်မှုမည်မျှရှိသည်ကို ဆွေးနွေးနိုင်ပါသည်။ |
| ကျောင်းသူကျောင်းသားက လုပ်စရာကို နားမလည်ခြင်း | ဆင်ခြင်သုံးသပ်ပါ - ကျောင်းသူကျောင်းသားတို့ဘာလုပ်ရမည်ဖြစ်ကြောင်း သင် မေးပြီးပါပြီလား။ မည်သည်ကို လုပ်ခိုင်းပါသနည်း။ အတန်းဖော် တစ်ဦးကို ရှင်းပြနိုင်ပါသလား။ နားမလည်လျှင် ဘာလုပ်ရမည်ကို ကျောင်းသူကျောင်းသားတို့သိပါသလား။ သင်ခန်းစာအတွင်း အကူအညီတောင်းနိုင်လောက်အောင် ၎င်းတို့ အသားကျခြင်းရှိမရှိစူးစမ်းပါ။ |

| **ကျောင်းသူကျောင်းသား၏အပြုအမူ ပြောင်းလဲမှုအတွက် ဖြစ်နိုင်သည့် အကြောင်းရင်း** | **ဖြေရှင်းချက်/နည်းဗျူဟာ** |
|---|---|
| ကျောင်းသူကျောင်းသားက မိမိညွှန်ကြားချက်များကို မကြားနိုင်ခြင်း | အတန်းတွင်းဆူညံသံပမာဏကိုသတိမူပါ။ သင် အာရုံစိုက်နိုင်ပါသလား။ ကျောင်းသူကျောင်းသားတို့ ဆွေးနွေးစဉ်၊ အုပ်စုဖွဲ့လုပ်ဆောင်စဉ် ရှိနိုင်သည့် ဆူညံသံပမာဏကို မျှော်လင့်ထားပါ။ မိမိမှန်းထားသည့် ဆူညံသံပမာဏကို သတိချပ်စေရန် မှန်မှန် ရပ်ခိုင်းပါ။ ကျောင်းသူကျောင်းသားတစ်ယောက် ညွှန်ကြားချက်များကိုကြားရန် ခက်ခဲနေလျှင် အတန်းတွင်း ဘယ်နေရာတွင် ထိုင်လိုကြောင်းမေးပါ။ |
| အုပ်စုဖွဲ့လုပ်ခြင်းသည် ကျောင်းသူကျောင်းသားအတွက် ခက်ခဲခြင်း | ကျောင်းသူကျောင်းသားတို့အလှည့်ကျ စကားပြောခြင်း စသည်ဖြင့် အတူတကွ လက်တွဲလုပ်နိုင်ပုံကို အချိန်ယူပြီးပြောပြပါ။ သင်ခန်းစာမတိုင်မီ အုပ်စုကြိုခွဲထားခြင်းဖြင့် အခက်အခဲရှိသည့် ကျောင်းသူကျောင်းသားများကို ၎င်းတို့အားပံ့ပိုးပြီး အတူတွဲ၍လုပ်နိုင်သူများနှင့် တွဲပေးပါ။ |

Funded by: UKaid

Towards Results in Education & English

## ၂. အားလုံးအကျုံးဝင်စာသင်ခန်း၏ လက္ခဏာ ၈ ရပ်

သင်ရိုးပိုင်း ၁ တွင် **အားလုံးအကျုံးဝင်စာသင်ခန်း၏ လက္ခဏာ ၈ ရပ်**ကိုလေ့လာခဲ့ပြီ။ သင်ရိုးပိုင်း ၄ တွင်လည်း ထပ်ကြည့်ခဲ့ပြီး သင်ယူသူဗဟိုပြုချဉ်းကပ်မှု၏ အဓိက လက္ခဏာများနှင့် ချိတ်ဆက်ခဲ့ပါသည်။ အားလုံးအကျုံးဝင်အလေ့အကျင့် သင်ရိုးပိုင်းများတစ်လျှောက် လက္ခဏာတစ်ခုချင်းကို အသေးစိတ် ကြည့်ခဲ့ပြီ။ ဤသင်ရိုးပိုင်းတွင် လက္ခဏာအမှတ် ၈ **စစ်ဆေး အကဲဖြတ်မှုက ကျောင်းသူကျောင်းသားအားလုံး၏ ပေါက်မြောက်အောင်မြင်မှုကို ထောက်ကူပေးသည်** ကိုကြည့်ကြပါမည်။ အားလုံးအကျုံးဝင်အလေ့အကျင့်ကို မြဲမြဲစေရန် လက္ခဏာ ၈ ရပ်လုံး အချင်းချင်းထပ်ပုံနှင့်ချိတ်ဆက်ပုံကို ဆက်လက်သုံးသပ်ကြပါမည်။ ဤသည်ကို ပြီးခဲ့သော သင်ရိုးပိုင်း ၁၄ ခုလုံးတွင် သင် သတိထားမိပြီး ဖြစ်ပါလိမ့်မည်။

၁ ကျောင်းသူကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားရေးကို စီစဉ်ပါသည်။

၂ သင်ခန်းစာတွင် ကျောင်းသူကျောင်းသားတို့အားလုံး ပါဝင်စေရန် အားပေးပါသည်။

၃ ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် မိမိတို့၏သင်ယူမှုတွင် တက်တက်ကြွကြွ ပါဝင်ကြပါသည်။

၄ ကျောင်းသူကျောင်းသားအချင်းချင်း သင်ယူရာတွင် ပံ့ပိုးပေးစေပါသည်။

၅ ကျောင်းသူကျောင်းသားတို့ အခက်ကြုံသောအခါ ပံ့ပိုးပေးပါသည်။

၆ စာသင်ခန်းစည်းကမ်းကို အပြန်အလှန်လေးစားမှုနှင့် ကျန်းမာသော နေထိုင်မှုအပေါ် အခြေပြု ထားပါသည်။

၇ ကျောင်းသူကျောင်းသားတို့ပူပင်သောကရောက် သည့်အခါ ပြောစရာလူရှိသည်ဟု ခံစားရပါသည်။

၈ စစ်ဆေး အကဲဖြတ်မှုက ကျောင်းသူကျောင်းသား အားလုံး၏ ပေါက်မြောက်အောင်မြင်မှုကို ထောက်ကူပေးသည်။





Image source: https://pixabay.com//illustrations/burma-myanmar-classroom-boy-girl-5204371/ (free)

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၁၅.၂ - သင်ရိုးပိုင်းအတွက်ဝေါဟာရ (၂၀ မိနစ်)

အောက်ပါအကွက်များရှိ စကားလုံးများကို**ဖတ်**ပြီး **မှန်ကန်သည့်ဖွင့်ဆိုချက်**နှင့်မျဉ်းဆွဲပြီးတွဲပေးပါ။ **စစ်ဆေးအကဲဖြတ်**ရာတွင် သုံးသည့် စကားလုံးများဖြစ်ပါသည်။ ဤသင်ရိုးပိုင်းတွင် သုံးမည်ဖြစ်သောကြောင့် သင်ယူမှုဂျာနယ်တွင် မှတ်သားသင့်ပါသည်။ ပထမတစ်ခုကိုလုပ်ပေးထားပါသည်။

| | | | |
|---|---|---|---|
| 1 | **အပိတ်မေးခွန်း** | a | စွမ်းရည်အဆင့်အမျိုးမျိုးရှိသည့် ကျောင်းသူကျောင်းသားတို့ပါဝင်သည့် စာသင်ခန်း (သို့) အုပ်စုဖြစ်ပါသည်။ နှစ်ယောက်တွဲ(သို့)အုပ်စုလိုက် အချင်းချင်းပံ့ပိုးခြင်းဖြင့် ထိရောက်နိုင်ပါသည်။ |
| 2 | **ဝေဖန်ပိုင်းခြား တွေးခေါ်မှု** | b | သင်ယူမှုဦးတည်ချက်တစ်ခုပြည့်မီရန် ကျောင်းသူကျောင်းသားက လုပ်ဆောင်ရမည့် အဓိကအဆင့်များနှင့် အချက်များကို အနှစ်ချုပ်သည်။ ရုပ်ပုံဖြင့်ပြခြင်း (သို့) တစ်ဆင့်ပြီးတစ်ဆင့်လမ်းညွှန်ခြင်းတို့ဖြစ်နိုင်ပါသည်။ |
| 3 | **တုံ့ပြန်ဖြေကြားမှု** | c | စကားလုံးတစ်လုံးတည်းဖြင့် မဖြေနိုင်သောမေးခွန်း၊ ဥပမာ "အမြောက်နဲ့အစား ဘယ်လိုခြားနားသလဲဆိုတာ ပြောနိုင်မလား"။ |
| 4 | **စဉ်းစားပုံကို သိမြင်မှု** | e | သင်ယူမှုဦးတည်ချက်နှင့် သက်ဆိုင်သော လုပ်ဆောင်ဖွယ်များကို စူးစိုက်လျက် သင်ယူသူကို မှတ်ချက်ပေးခြင်း |
| 5 | **စွမ်းရည် အရောအနှော** | f | (ဟုတ်/မဟုတ် စသည်ဖြင့်) စကားလုံးတစ်လုံးတည်း(သို့) တိုတိုတုတ်တုတ် ဖြေနိုင်သည့် မေးခွန်း။ အသိပညာကို မြန်မြန်ဆန်ဆန် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးဝင်သော်လည်း အဖြေအနည်းငယ်သာ ရှိပါသည်။ |
| 6 | **အဖွင့်မေးခွန်း** | g | ပန်းတိုင်ထံဆိုက်ရောက်စေရန် ကျောင်းသူကျောင်းသားတို့က မည်ကဲ့သို့ အားထုတ်နေကြောင်း အချက်အလက်များ |
| 7 | **ပြန်လည်သုံးသပ်မှု အလေ့အကျင့်** | h | 'တွေးတောမှုအကြောင်းတွေးတောခြင်း'ကိုဖော်ပြသည့်ဝေါဟာရဖြစ်ပါသည်။ ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် မိမိတို့ သင်ယူမှု၊ တွေးခေါ်မှုနှင့် စွမ်းဆောင်ချက်ကို နားလည်ကြောင်း ပြသပါသည်။ |
| 8 | **အောင်မြင်မှုအတွက် စံသတ်မှတ်ချက်များ** | i | အတွေ့အကြုံမှသင်ယူသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ နောက်တစ်ကြိမ်တွင် ပိုမိုကောင်းမွန်တိုးတက်အောင် လုပ်ဆောင်နိုင်ပုံကို စစ်ဆေးအကဲဖြတ်ပြီး သုံးသပ်နိုင်စွမ်း ဖြစ်သည်။ |
| 9 | **လုပ်ဆောင်ချက်ကို တိတိကျကျ တုံ့ပြန် ဖြေကြားခြင်း** | i | အချက်အလက်၊ အသိသညာများကို စစ်ဆေးအကဲဖြတ်၊ ပိုင်းခြားစိတ်ဖြာ၊ သုံးသပ်အကဲဖြတ်ခြင်းဖြစ်သည်။ ကျောင်းသူကျောင်းသားတို့ ဤနည်းဖြင့် တွေးနိုင်လျှင် နက်နက်နဲနဲ နားလည်ကြောင်း ပြသပါသည်။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၁၅.၂ အဖြေ

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| f | j | g | h | a | c | i | b | e |

## ၃. စစ်ဆေးအကဲဖြတ်မှုဟူသည်

'**စစ်ဆေးအကဲဖြတ်မှု**'၏ ဖွင့်ဆိုချက်နှင့် အဓိပ္ပါယ်ဆင်တူသောစကားလုံးများဖတ်ရှုပါ။

| | |
|---|---|
| **စစ်ဆေးအကဲဖြတ်မှု** | **ဖွင့်ဆိုချက် -** တစ်စုံတစ်ယောက်၊ တစ်စုံတရာကို စစ်ဆေးအကဲဖြတ်ခြင်း |
| | **အဓိပ္ပါယ်ဆင်တူသောစကားလုံးများ -** သုံးသပ်အကဲဖြတ်ခြင်း၊ စီရင်ခြင်း၊ တိုင်းဆခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ ခန့်မှန်းခြင်း၊ ဆန်းစစ်ခြင်း၊ ထင်မြင်ချက် |

ပညာရေးတွင် **စစ်ဆေးအကဲဖြတ်မှု**ဟူသည် ကျောင်းသူကျောင်းသားတို့ သိရှိ၊ နားလည်၊ လုပ်ဆောင်နိုင်သည်များကို နားလည်စေမည့် အချက်အလက်များကို ရင်းမြစ်မျိုးစုံမှ စုဆောင်းပြီး ဆွေးနွေးသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

သင်ယူမှု အတိုင်းအတာ၊ တန်ဖိုး၊ အရည်အသွေးနှင့် အရေးပါမှုတို့ကို စိစစ်ဆုံးဖြတ်သည့်ဖြစ်စဉ်လည်းဖြစ်ပါသည်။




စစ်ဆေးအကဲဖြတ်ခြင်းဖြင့် **ကျောင်းသူကျောင်းသားတို့စွမ်းဆောင်ရည်**ကို ဆရာ/မတို့ သိမြင်ခွင့်ရစေပါသည်။ ကျောင်းသူကျောင်းသားတို့အား လုပ်ဆောင်နိုင်စေလိုသည့်အရာများအတွက် ပြင်ဆင်ရာတွင် အထောက်အကူပြုပါသည်။ ကျောင်းသူကျောင်းသားတို့ တတ်မြောက်သည့် အနေအထားကို သိသည့်အခါတွင် အချက်အလက်များကို မည်သို့ အသုံးပြုမည်ဖြစ်ကြောင်း ဆရာ/မတို့က ဆုံးဖြတ်ရပါမည်။ ဘယ်ကိုသွားရန် လိုအပ်ကြောင်း ရှင်းရှင်းလင်းလင်းသိပြီး၊ မည်သည့်နည်းဖြင့်အကောင်းဆုံး အရောက်သွားနိုင်ကြောင်း ပြင်ဆင်ရပါမည်။

သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်ခြင်းသည် ပညာရေးတွင် သုံးနေကျစကားရပ်ဖြစ်ပါသည်။ ယင်း၏ ဆိုလိုရင်း၊ စစ်ဆေးအကဲဖြတ်မှု၏ရည်ရွယ်ချက်တို့ကို ဤသင်ရိုးပိုင်းတွင် နက်နက်နဲနဲ လေ့လာပြီး သင်ကြားသင်ယူမှု ပိုမိုကောင်းမွန်တိုးတက်စေရန်နှင့် အားလုံးအကျုံးဝင်စေရန် စစ်ဆေးအကဲဖြတ်မှုကိုသုံးသည့် လက်တွေ့ကျသောနည်းလမ်းများကို အကြံပြုသွားပါမည်။

**ဆင်ခြင်သုံးသပ်ပါ -** မည်သည့်အခါတွင် စစ်ဆေးအကဲဖြတ်မှုကို မည်သို့အသုံးပြုပါသနည်း။

## ၄. စစ်ဆေးအကဲဖြတ်မှု၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူး

စစ်ဆေးအကဲဖြတ်မှု၏ရည်ရွယ်ချက်မှာ ကျောင်းသူကျောင်းသားတို့၏ စွမ်းဆောင်မှု(သို့)တိုးတက်မှုနှင့် သက်ဆိုင်သည့် အချက်အလက်များကို စုဆောင်းခြင်း၊ သင်ယူမှုဖြစ်စဉ်ကိုကောက်ချက်ချခြင်း၊ ကျောင်းသူကျောင်းသားများ နောက်ထပ်မည်သည်ကို လိုအပ်ကြောင်း ဆုံးဖြတ်ခြင်းတို့ကို လုပ်ဆောင်ရန် ဖြစ်ပါသည်။စစ်ဆေးအကဲဖြတ်ခြင်းဖြင့် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- သင်ကြားသင်ယူမှုကို ဦးဆောင်တည့်မတ်ပေးရာတွင်အသုံးပြုခြင်း
- ကျောင်းသူကျောင်းသားတို့၏သင်ယူမှု အထောက်အထားကို စုဆောင်းခြင်း၊ တိုးတက်မှုတိုင်းတာခြင်း၊ ကျောင်းသူကျောင်းသားတို့ကိုမည်သည့်ပံ့ပိုးမှုကိုလိုအပ်ကြောင်းနှင့် မည်သည့်နေရာသို့ရှေ့ဆက်လှမ်းရမည်ဖြစ်ကြောင်း နားလည်ခြင်း
- ကျောင်းသူကျောင်းသားတို့အား သင်ယူမှုပန်းတိုင်များ ကိုယ်တိုင်ချမှတ်စေပြီး စိတ်အားတက်ကြွစေခြင်း
- ကျောင်းသူကျောင်းသားတို့၏ ပေါက်မြောက်အောင်မြင်မှုကို တိုင်းတာခြင်း


(သင်ရိုးပိုင်း ၄ တွင်စူးစမ်းခဲ့သည့်အတိုင်း) အပြုသဘောဆောင်သင်ယူမှုဝန်းကျင်ရှိပြီး((သင်ရိုးပိုင်း ၅) အမှားလုပ်ရန်လည်း ဝန်မလေး၊ အမှားလုပ်ရင်းသင်ယူရန်လည်းလိုလားသည့် သင်ယူသူဗဟိုပြု စာသင်ခန်းများတွင် စစ်ဆေးအကဲဖြတ်ရန် အကောင်းဆုံးဖြစ်ပါသည်။ ထိရောက်သော စစ်ဆေးအကဲဖြတ်ရေးစနစ်များ ချမှတ်ပြီးသောအခါ ကျောင်းသူကျောင်းသားတို့ သင်ယူမှုနှင့် ပေါက်မြောက်အောင်မြင်မှုအပေါ် အပြုသဘောဆောင် သက်ရောက်မှုရှိပါသည်။ စစ်ဆေးအကဲဖြတ်မှု၏ အကျိုးကျေးဇူးများမှာ

- ✔ မည်သည်ကိုမျှော်မှန်းထားကြောင်း၊ မည်သည့်စွမ်းဆောင်မှုက နားလည်မှု၊ အသိပညာနှင့် နက်နက်နဲနဲ သင်ယူမှုကို ပြသရန် **ဆရာ/မများ စံသတ်မှတ်ချက်ချမှတ်ရာတွင် အထောက်အကူပြုသည်**။
- ✔ ကျောင်းသူကျောင်းသားတို့ စွမ်းဆောင်မှုနှင့်တိုးတက်မှုတို့နှင့်ပတ်သက်၍ **သင်ကြားရေးကိုသုံးသပ်အကဲဖြတ်နိုင်သည်**။ မည်သည့် သင်ကြားနည်းများ(သို့) ချဉ်းကပ်နည်းများက အထိရောက်ဆုံးဖြစ်ကြောင်း၊ မည်သည့်အခါတွင် သင်ခန်းစာကို လိုက်လျောညီထွေပြင်ဆင်ပြီး ကျောင်းသူကျောင်းသားတို့ကို အထိရောက်ဆုံး ပံ့ပိုးပေးနိုင်ကြောင်း ဆရာ/မများ နားလည်နိုင်ပါသည်။
- ✔ ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကို သိရှိနိုင်ရန် **တိုးတက်မှုကိုစောင့်ကြည့်နိုင်**ပါသည်။ အသိပညာသစ်အကြောင်း ကျောင်းသူကျောင်းသားတို့ ပြောနိုင်မပြောနိုင်၊ ကျွမ်းကျင်မှုအသစ်များ အသုံးချနိုင်မချနိုင် ဆရာ/မတို့ နားလည်နိုင်ပါသည်။

- ကျောင်းသူကျောင်းသားများအား မိမိတို့သင်ယူမှုနှင့် တိုးတက်မှုတို့အတွက် ကိုယ်တိုင် တာဝန်ယူရန် **စိတ်အား တက်ကြွစေ**သည်။ ကျောင်းသူကျောင်းသားတို့အခြေအနေနှင့် ပိုမိုတိုးတက်ရန် မည်သို့လုပ်ဆောင်နိုင်ပုံတို့ကို ကျောင်းသူကျောင်းသား တို့သိအောင်လုပ်ရန် အားပေးပါသည်။
- ကျောင်းသူကျောင်းသားတို့အတွက်အဆင်ပြေနေသည့်အရာနှင့် ၎င်းတို့ကို မည်သို့ပိုမိုကူညီနိုင်ကြောင်း နားလည်ရန် **ဆရာ/မတို့ စိတ်ပါဝင်စား**ပါမည်။ အစီအစဉ်၏လားရာကို ပံ့ပိုးပေးခြင်းဖြစ်ပါသည်။
- ကျောင်းသူကျောင်းသားတို့၏ အသိပညာအခြေပြုရာကို သိရှိစေနိုင်ပြီး ကျောင်းသူကျောင်းသားတို့ ပံ့ပိုးမှု လိုအပ်သည့် နယ်ပယ်များကို ဖော်ထုတ်ခြင်းဖြစ်ပါသည်။

**လုပ်ဆောင်ချက် ၁၅.၃ ဗီဒီယို - သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်ခြင်း ခြားနားချက် (၂၀ မိနစ်)**

ရိုးရှင်းသည့် ဤဗီဒီယိုကိုကြည့်ပြီး စစ်ဆေးအကဲဖြတ်မှုနှစ်မျိုးအကြား ခြားနားချက်ကို ဖော်ပြရန်ပြင်ဆင်ပါ။





https://www.youtube.com/watch?v=_wvRJyTExVU

Q.
- မည်သည့်ခြားနားချက်ရှိသည်ဟုထင်ပါသနည်း။ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ဆွေးနွေးပါ။
- သင်ယူမှု**ကို**စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူမှု**အတွက်** စစ်ဆေးအကဲဖြတ်ခြင်းအကြား ခြားနားချက်ကို သင်ယူမှုဂျာနယ်တွင်မှတ်သားပါ။

# ၅. သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှု**အတွက်**စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ ကျောင်းသူကျောင်းသားတို့ မည်ကဲ့သို့တိုးတက်စေနိုင်ကြောင်း ၎င်းတို့သိမြင်စေမည့် သင်ကြားသင်ယူမှုချဉ်းကပ်နည်းဖြစ်ပါသည်။ သင်ယူမှု**ကို**စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားသည့်အကြောင်းအရာ၊ သင်ရိုးညွှန်းတမ်းကို တာဝန်ခံခြင်းဖြစ်ပါသည်။ ကျောင်းသူကျောင်းသားတို့ ပါချင်မှ ပါပါမည်။

သင်ယူမှု**အတွက်**စစ်ဆေးအကဲဖြတ်သည့်အခါတွင် ကျောင်းသူကျောင်းသားတို့သည် သင်ယူမှုဖြစ်စဉ်တွင် ပိုမိုပါဝင်လာကြပြီး သင်ယူရမည့်အရာအပေါ်နှင့် ၎င်းတို့အတွက်မည်သည့်စံသတ်မှတ်ချက်များကို မျှော်မှန်းထားကြောင်း ပိုမိုယုံကြည်စိတ်ချလာပါမည်။




သင်ယူမှု**အတွက်**စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသူကျောင်းသားတို့လက်ရှိအနေအထားနှင့် ၎င်းတို့ သို့မဟုတ် ဆရာ/မက ကျောင်းသူကျောင်းသားတို့ကို သင်ယူစေလိုရာ၊ အောင်မြင်စေလိုရာအကြား 'ကွာဟချက်ကို ဖြည့်ဆည်းပေးရန်' ရည်သန်ပါသည်။ ဆရာ/မ၏အခန်းကဏ္ဍမှာ ကျောင်းသူကျောင်းသားတို့ ထိုသို့လုပ်ဆောင်နိုင်ရန် သင်ခန်းစာများ၊ လုပ်ဆောင်ချက်များကို ပြင်ဆင်ပေးရန်ဖြစ်သည်။

သင်ယူမှု**အတွက်**စစ်ဆေးအကဲဖြတ်ခြင်း၏ အဓိကအခြင်းအရာများမှာ (သင်ကြားသင်ယူမှုတွင် စစ်ဆေးအကဲဖြတ်မှုမှ အချက်အလက်များကို အသုံးချ၍)

- ကျောင်းသူကျောင်းသားတို့ကို ထိထိရောက်ရောက် တုံ့ပြန်ဖြေကြားခြင်း
- ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်သင်ယူစေခြင်း
- စစ်ဆေးအကဲဖြတ်ထားသည့်အတိုင်း သင်ကြားမှုကို ပြုပြင်ချိန်ညှိပေးခြင်း
- သင်ယူမှုအတွက် မရှိမဖြစ်သော စိတ်အားတက်ကြွမှုနှင့် ဂုဏ်သိက္ခာနှစ်ရပ်လုံးအပေါ် စစ်ဆေးအကဲဖြတ်မှု၏ သြဇာညောင်းပုံကို သိခြင်း
- ကျောင်းသူကျောင်းသားများသည် ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှုကို ပိုမိုလုပ်ဆောင်နိုင်ပြီး တိုးတက်ရန် ဆောင်ရွက်နိုင်ပုံကို နားလည်ခြင်း

သင်ခန်းစာတွင် သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုကို သုံးသည့်အခါ ကျောင်းသူကျောင်းသား အသက်အရွယ်နှင့်စွမ်းရည်အလိုက် သင်ကြားနည်းများကို လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်ပါသည်။

၎င်းသည် သင်ယူမှုအခက်အခဲရှိသည့် ကျောင်းသူကျောင်းသားများအတွက် အထူးအကျိုးရှိကြောင်း သုတေသနမှ တွေ့ရှိထားပါသည်။




Diagram adapted from William, D (2011)

## ၅.၁ စစ်ဆေးအကဲဖြတ်မှုအမျိုးမျိုး၏ အသွင်အပြင်

ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်းကို စဉ်းစားသည့်အခါ သင်ခန်းစာအတွင်း စာမေးပွဲကို သုံးကောင်းသုံးပါမည်။ အမှတ်ချင်းယှဉ်ကြည့်ပြီး အချိန်ကာလတစ်ခုအတွင်း ကျောင်းသူကျောင်းသားတို့ မည်မျှသိရှိသွားကြောင်း (သို့) သင်ယူသွားကြောင်း သင် ဆုံးဖြတ်နိုင်ပါသည်။

ကျောင်းသူကျောင်းသားတို့လက်ရှိနားလည်မှုအတိုင်းအတာကို စာမေးပွဲတစ်ခုတည်းဖြင့် သိရှိနိုင်သည်မဟုတ်ပါ။ စာမေးပွဲများသည် ထိရောက်သည့်နည်းဖြစ်နိုင်သော်လည်း ကျောင်းသူကျောင်းသားတို့၏ သင်ယူမှုနှင့်ကျွမ်းကျင်မှုများကို အခြားနည်းများဖြင့် စစ်ဆေးအကဲဖြတ်နိုင်ပါသေးသည်။ ကျောင်းသူကျောင်းသားတို့သင်ယူပုံနှင့် သိထားသည့်အရာများကို နားလည်ရန် ကြိုတင်စစ်ဆေးအကဲဖြတ်မှုနှင့် စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်မှုတို့ အသုံးတည့်နိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့ အရေး၊ အပြောနှင့် အလုပ်တို့ကို စောင့်ကြည့်လေ့လာခြင်းဖြစ်နိုင်ပါသည်။

**လုပ်ဆောင်ချက် ၁၅.၄ - စစ်ဆေးအကဲဖြတ်မှု အမျိုးအစားများ (၁၅ မိနစ်)**

အောက်ပါဝါကျများကို**ဖတ်ရှု**ပြီး အရေးကြီးသည်ဟုသင်ထင်သည့်အပိုင်းများကို **အရောင်ခြယ်**ပါ။ စစ်ဆေးအကဲဖြတ်ပုံ အမျိုးမျိုး အကြောင်း **သင်ယူမှုဂျာနယ်တွင် မှတ်စုရေးလျှင်** အသုံးဝင်နိုင်ပါမည်။

၁. **အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု** - ခေါင်းစဉ်တစ်ခုအပေါ်လက်ရှိအသိပညာနှင့် လွဲမှားသည့်အယူအဆများကို ဖော်ထုတ်ရန် သုံးပါသည်။
၂. **အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု** - ကြိုတင်စစ်ဆေးအကဲဖြတ်မှုနှင့် နောက်ပိုင်းစစ်ဆေးအကဲဖြတ်မှုအတွက် ကောင်းပါသည်။ ကျောင်းသူကျောင်းသားတို့ ဘယ်ကစပြီး သင်ယူနေကြောင်း ရှင်းရှင်းလင်းလင်း ပြသနိုင်ပါသည်။

၃. **သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု** - သင်ကြားရေးလုပ်ငန်းစဉ်အတွင်း တုံ့ပြန်ဖြေကြားရာတွင်သုံးပါသည်။
၄. **သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု** - သင်ယူမှုလုပ်ငန်းစဉ်အတွင်း တိုးတက်မှုနှင့်လွဲမှားသည့်အယူအဆများပြသရန်သုံးပါသည်။
၅. **သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု** - သင်ယူမှုအခြေအနေကို စစ်ဆေးသည့် နည်းလမ်းတစ်သွယ်ဖြစ်ပါသည်။

၆. **သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု -** သင်ကြားရေးလုပ်ငန်းစဉ်အပြီး သင်ယူမှုကို ခြုံငုံသုံးသပ်ပါသည်။
၇. **သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု -** သင်ခန်းစာတစ်ခုအပြီး သို့မဟုတ် လုပ်ငန်းတစ်ခုအပြီး စွမ်းဆောင်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် သုံးပါသည်။
၈. **သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု -** သင်ယူမှုအခြေအနေနှင့် မည်သူတို့သင်ယူတတ်မြောက်ကြောင်း စစ်ဆေးသည့် နည်းလမ်း တစ်သွယ် ဖြစ်ပါသည်။

### ၅.၁.၁ အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု

Diagnostic (အားနည်းချက်ရှာခြင်း)ဟူသော ဝေါဟာရမှာ 'diagnose' (အားနည်းချက်ရှာသည်)ဟူသောစကားလုံးမှ သက်ဆင်းလာပါသည်။ မသင်မီ ကျောင်းသူကျောင်းသားတို့ ဘာကိုသိပြီးသားဖြစ်ကြောင်း စူးစမ်းသည့် အစပိုင်းတွင် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်မှု မလုပ်ဖြစ်လျှင် သင်ကြားသည့်အကြောင်းအရာကို ကျောင်းသူကျောင်းသားတို့ ကောင်းကောင်း နားလည်ပြီးခြင်းသော်လည်းကောင်း၊ သင်ခန်းစာတွင် စတင်သင်ကြားသည့်အကြောင်းအရာကို လုံးလုံး လောက်လောက်မသိခြင်းသော်လည်းကောင်း ဖြစ်နိုင်ပါသည်။

သင်ခန်းစာ/သင်ယူမှုမတိုင်မီ အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်ထားခြင်းကို **ကြိုတင်စစ်ဆေးအကဲဖြတ်ခြင်း**ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

သင့် သင်ယူသူများကိုသိရန်နှင့် ၎င်းတို့လုပ်ဆောင်နိုင်သည့်အရာကိုနားလည်ရန် ပဓာနကျပါသည်။ ယူနစ်အသစ်၊ အသိသညာအသစ် မသင်ကြားမီ ကျောင်းသူကျောင်းသားတို့ မည်သည်ကိုသိရှိထားကြောင်းကိုစူးစမ်းခြင်းဖြင့် စသင်ရမည့်နေရာ၊ သိပြီးသားအပေါ် အခြေခံလျက် မည်ကဲ့သို့ ဆက်လက်သင်ကြားနိုင်ပုံတို့ကို ဖော်ထုတ်နိုင်ပါမည်။ ကျောင်းသူကျောင်းသားတို့ ရင်းနှီးသည့်အကြောင်းအရာကို ပြန်ကြည့်မနေသောကြောင့် အချိန်ကုန်လည်းသက်သာပါသည်။

အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှုသည် သင်ယူမှုရှိကွာဟချက်များကိုလည်းဖော်ထုတ်နိုင်ပါသည်။ ရည်ရွယ်ထားသည်ထက်ပိုမိုလွယ်ကူစေရန်လည်းကောင်း၊ နမူနာလုပ်ပြစဉ် တစ်နေရာကိုအာရုံစိုက်ခြင်း၊ ပြန်သင်ကြားခြင်း၊ ယခင်သင်ယူထားသည်ကိုစုစည်းခိုင်မာစေခြင်းတို့ကိုလည်းကောင်း လုပ်ဆောင်နိုင်ပါသည်။

အောက်ပါတို့သည် **အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု**အသုံးပြုပုံ သာဓကအချို့ဖြစ်ပါသည်။



**အကြိုနှင့်နောက်ပိုင်းအစမ်းစာမေးပွဲ၊ ပဟေဠိ၊ ကွက်လပ်ဖြည့်ခြင်း** – သင်ကြားမည့်ခေါင်းစဉ်အတွက် ရိုးရိုးရှင်းရှင်းမေးခွန်းများဖြင့် စတင်နိုင်ပါသည်။ သင်ပြီးသားအကြောင်းအရာအပေါ် မေးခွန်းများထည့်မေးပြီး ကျောင်းသူကျောင်းသားတို့ မှတ်မိခြင်းရှိမရှိ စူးစမ်းနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့ စိတ်ဝင်စားအောင် ပဟေဠိအသွင် တင်ပြနိုင်ပါသည်။ အဖြေမှန်ဖြည့်ရမည့် ကွက်လပ်ဖောက်ထားသည့် ဝါကျများကို သုံးနိုင်ပါသည် (ကွက်လပ်ဖြည့်ခြင်း)။



**ကြည့်ရှုလေ့လာခြင်း** - အုပ်စုလိုက်ဆွေးနွေးနိုင်မည့် ခေါင်းစဉ်တစ်ခုပေးနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့ ဆွေးနွေးစဉ် နားထောင် အကဲခတ်ပြီး ၎င်းတို့မည်မျှသိထားကြောင်း စူးစမ်းနိုင်ပါသည်။ ကျောင်းသူကျောင်းသားငယ်များအတွက် အလွန်ထိရောက်နိုင်ပါသည်။ ဥပမာ 2d နှင့် 3d ခြားနားချက်ကို ကျောင်းသူကျောင်းသားတို့သိမသိ စူးစမ်းလိုလျှင် အမျိုးအစားခွဲရန် ပစ္စည်းများပေးပြီး ကျောင်းသူကျောင်းသားတို့လုပ်ပုံကိုင်ပုံကို ကြည့်ရှုလေ့လာနိုင်ပါသည်။ ရံဖန်ရံခါ စာရေးခြင်းထက် ပုံဆွဲခြင်းကို ကျောင်းသူကျောင်းသားတို့ပိုမိုနှစ်သက်သောကြောင့် ပုံဆွဲခိုင်းလျှင် ပိုမိုအကျိုးရှိနိုင် ပါသည်။



**အဝင်/အထွက်လက်မှတ်** - ကျောင်းသူကျောင်းသားတို့နားလည်မှုကိုပြသနိုင်မည့် မေးခွန်းတစ်ခုပါသည့် စာရွက်ပိုင်းများဖြစ်ပါသည်။ မေးခွန်းကိုသုံးပြီး ကျောင်းသူကျောင်းသားတို့ သိလိုသည့်အရာအကြောင်း ရေးစေခြင်း၊ ဆရာ/မကို တစ်စုံတစ်ရာအား ပိုမိုရှင်းလင်းအောင် ရှင်းပြစေခြင်းလည်း လုပ်နိုင်ပါသည်။ သင်ခန်းစာနှစ်ခုအကြား တတ်မြောက်ထားသမျှ စစ်ဆေးအကဲဖြတ်ရာတွင်လည်း သုံးနိုင်ပါသည်။



**စစ်တမ်းကောက်ခြင်း** – မေးခွန်းမေးပြီး လက်ထောင်ပြစေခြင်း၊ စစ်တမ်းအတိုကောက်ခြင်းဖြင့် နားလည်မှုအတိုင်းအတာကို ဆန်းစစ်နိုင်ပါသည်။ ကျောင်းသူကျောင်းသားငယ်များအတွက် မေးခွန်းမေးပြီး အဖြေများကို အခန်းထောင့်များတွင်ထားကာ ၎င်းတို့ထင်သည့်အဖြေနား မတ်တပ်ရပ်စေပါမည်။



**မိမိသိသမျှ** - ယူနစ်အစတွင် အကြောင်းအရာအတွက် ကျောင်းသူကျောင်းသားတို့သိထားသမျှ စိတ်ကူးပြမြေပုံ၊ ပိုစတာလုပ်ခြင်း အကုန်ရေးချခြင်းတို့လုပ်ဆောင်နိုင်ပါသည်။ သိပြီးသားအပေါ် မူတည်ပြီး မထပ်အောင် သင်ကြားနိုင်ပါသည်။ သင်သည့် ကျောင်းသူကျောင်းသားအရွယ်အလိုက် ရုပ်ပုံကားချပ်များသုံးပြီး ဆွေးနွေးစေနိုင်သည်။ အတန်းပြောင်းပြန် သင်ယူမှုပုံစံ (သင်ရိုးပိုင်း ၇)လည်း အသုံးဝင်နိုင်ပါသည်။

Image sources: https://pixabay.com/vectors/chart-graph-graphic-statistics-35773/ https://pixabay.com/images/search/burma/?pagi=2& (free)

### လုပ်ဆောင်ချက် ၁၅.၅ - အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှုကို သုံးသပ်မှု (၂၀ မိနစ်)

- အထက်ပါလုပ်ဆောင်ချက်များကြည့်ပြီး ယခင်က သုံးဖူးခြင်းရှိမရှိ စဉ်းစားပါ။
- သုံးဖူးလျှင် သင်ယူမှုအပေါ် သက်ရောက်မှုကို သုံးသပ်ပါ။ မသုံးဖူးလျှင် ရှိလာနိုင်မည့် သက်ရောက်မှုကို စဉ်းစားပါ။
- မသင်ဖူးသေးသည့် သင်ခန်းစာ/ခေါင်းစဉ်တစ်ခုအကြောင်းတွေးပြီး ကျောင်းသူကျောင်းသားတို့သိပြီးသားအရာကို အားနည်းချက်ရှာ/စစ်ဆေးအကဲဖြတ်နိုင်မည့် လုပ်ဆောင်ချက်တစ်ခုထည့်ပါ။

## ၅.၁.၂ သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု (formative assessment)

**ပုံသွင်းပေးသော(formative)** ဟူသည်မှာ ကျောင်းသူကျောင်းသားတို့ သင်ယူမှုကို ပုံဖော်ပေးခြင်း၊ ပုံသွင်းခြင်းကို ရည်ညွှန်းပါသည်။ သင်ခန်းစာ၊ ယူနစ်တစ်ခုသင်ကြားစဉ် သင်ယူမှုအခြေအနေနှင့် အခက်အခဲအကြောင်း ကျောင်းသူကျောင်းသား တို့အား မေးမြန်းကာ တုံ့ပြန်ဖြေကြားနိုင်ပါသည်။ မေးခွန်းမေးခြင်းနှင့်တုံ့ပြန်မှုအကြောင်း သင်ရိုးပိုင်း ၆ တွင် စူးစမ်းခဲ့ပြီ။ ရသည့်အချက်အလက်များအပေါ်အခြေပြုလျက် တိုးတက်မှုကိုစစ်ဆေးခြင်း၊ သင်ကြားသင်ယူမှုကို သင့်တော်အောင် ပြုပြင်ခြင်း တို့သည် သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုပင် ဖြစ်ပါသည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုသည် ဆရာ/မနှင့် ကျောင်းသူ ကျောင်းသားတို့အား နောက်ထပ်သင်ယူရန်လိုသည့်အဆင့်များကို သိရှိစေပြီး လွဲမှားသည့်အယူအဆများကို သင်ကြားရင်း တည့်မတ်ပေးနိုင်ပါသည်။

**စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်ခြင်း**ဟုလည်း ညွှန်းဆိုနိုင်ပြီး အနာဂတ်သင်ယူမှုအတွက် လိုက်လျောညီထွေပြုပြင်နိုင်ရန် ကျောင်းသူကျောင်းသားတို့ နားလည်သမျှကို စူးစမ်းဖော်ထုတ်ခြင်းဖြစ်ပါသည်။ ကျောင်းသူကျောင်းသားအချို့သည် ထပ်မံ သင်ကြားခြင်း၊ အချို့ကျောင်းသူကျောင်းသားများက ဆက်သွားခြင်း (သို့) ပိုမိုနက်နဲစွာနားလည်အောင် သင်ယူခြင်းများ လိုအပ် နိုင်ပါသည်။


**သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း**ကို အသုံးပြုနိုင်ပုံဥပမာများ ပေးထားပါသည်။




**အိမ်စာ -** သင်ခန်းစာများကိုအစဉ်အတိုင်းသင်ကြားစဉ် ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကိုထိရောက်စွာ စစ်ဆေးနိုင်သည့်နည်းဖြစ်ကာ ကျောင်းသူကျောင်းသားတို့တတ်မြောက်ထားသည်များကို လွတ်လပ်စွာ အသုံး ပြုနိုင်ခြင်းရှိမရှိ ဆန်းစစ်နိုင်ပါသည်။



**အချင်းချင်း ပြန်လှန်သုံးသပ်ခြင်း -** ကျောင်းသူကျောင်းသားတို့ကိုစစ်ဆေးအကဲဖြတ်ရာတွင် အထူးသဖြင့် ကျောင်းသူကျောင်းသားရေအတွက်များသည့် အတန်းများတွင် ထိရောက်နိုင်ပါသည်။ အစပိုင်းတွင် နမူနာပြရန်လိုမည်ဖြစ်သော်လည်း အလေ့အကျင့်ရလာသည့်အခါ သင်ယူထားသည့်အရာကို ဆွေးနွေးခြင်း၊ အချင်းချင်း အားသာချက်များကိုကောက်ချက်ချခြင်း၊ ဆက်လက်လုပ်ဆောင်ရန်၊ တိုးတက်ရန်နည်းလမ်းများအပေါ် အကြံပေးခြင်းများ လုပ်ဆောင်နိုင်ပါသည်။



**အလွတ်သဘောတင်ပြချက်များ၊ စဉ်ဆက်မပြတ် မှတ်တမ်းထားမှု (သို့) လုပ်ငန်းဆောက်ရွက်ချက်များကို ကာလတစ်ခုအတွင်း တင်ပြခြင်း -** ဤနည်းများဖြင့် ကျောင်းသူကျောင်းသားတို့၏သင်ယူမှုတိုးတက်မှုကို ကောင်းကောင်းစစ်ဆေးအကဲဖြတ်နိုင်ပါသည်။ သင်ကြားရင်းလမ်းခုလတ်တွင် စစ်ဆေးအကဲဖြတ်စေနိုင်ကာ သင်ယူမှုအတွက်နောက်အဆင့်များကို လမ်းညွှန်ပေးနိုင်မည့် တုံ့ပြန်မှုများ၊ မေးခွန်းများ ပေးနိုင်ပါသည်။



**ကျောင်းသူကျောင်းသားများကိုကြည့်ရှုလေ့လာခြင်း -** ကျောင်းသူကျောင်းသားငယ်များကို သင်ကြားသည့်အခါ အသုံးဝင်နိုင်ပါသည်။ ဘယ်ကျောင်းသူကျောင်းသားက စိတ်ပါဝင်စားပြီး အုပ်စုလိုက်လုပ်ဆောင်စရာများတွင် ပါဝင်နိုင်ကြောင်း ကြည့်ပါ။ ဤစစ်ဆေးအကဲဖြတ်မှုမှ ကျောင်းသူကျောင်းသားတို့လိုအပ်သည့် ပံ့ပိုးမှု၊ သင်ခန်းစာလွယ်လွန်းနေမနေ၊ ရှေ့သို့ဆက်သင်ယူရန်လိုမလို ဆုံးဖြတ်နိုင်ပါသည်။



**ပဟေဠိ၊ တွေးတော/တွဲဖက်/ဝေမျှခြင်း -** ပဟေဠိများဖြင့် ပျော်ရွှင်ဖွယ် အလွတ်သဘော စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့ အတူတူလုပ်ကိုင်ကာ အဖြေများကိုဆွေးနွေးနိုင်ပြီး ဆရာ/မက ဝင်ရောက်နားထောင်ကာ ၎င်းတို့သိထားသည်များတွင် လိုနေသည်များရှိမရှိ သိနိုင်ပါသည်။ တွေးတော/တွဲဖက်/ဝေမျှခြင်းဖြင့် တွေးတောချိန်၊ ဆွေးနွေးချိန်၊ ကျန်ကျောင်းသူကျောင်းသားများနှင့်ဝေမျှချိန် အနည်းငယ်ပေးပါသည်။ မိမိကိုယ်ကို ယုံကြည်မှုသိပ်မရှိဘဲ အတန်းထဲ လူအများအကြား စကားပြောရန်ခက်ခဲသည့် ကျောင်းသူကျောင်းသားများ အတွက် ကောင်းမွန်ပါသည်။

### လုပ်ဆောင်ချက် ၁၅.၆ - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု (၂၀ မိနစ်)

၁. ဒေါ်နန်းမိုအောင်၏ အောက်ပါသင်ခန်းစာဥပမာကို **ဖတ်ပါ**။

၂. ကျောင်းသူကျောင်းသားတို့ဘယ်နေရာရောက်နေမှန်းသိအောင် မည်သည့်**သင်ယူစဉ်စစ်ဆေးအကဲဖြတ်ရေးနည်း**ကို သုံးထားပါသနည်း။

၃. စစ်ဆေးအကဲဖြတ်မှုကိုအခြေပြုလျက် နောက်သင်ခန်းစာတွင် ဒေါ်နန်းမိုအောင်လုပ်ဆောင်နိုင်သည်များကို သင်အကြံပြုနိုင်ပါသလား။

၄. သင်ယူမှုဂျာနယ်တွင်အတွေးအမြင်များ**ရေးပြီး** လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်ဆွေးနွေးပါ။



ဒေါ်နန်းမိုအောင်က အပိုင်းကိန်းသင်ခန်းစာကို သင်ပြီးပါပြီ။ ကျောင်းသူကျောင်းသားတို့ လိုက်နိုင်မနိုင် နားလည်မလည် စစ်ဆေးအကဲဖြတ်ရန် နှစ်ပိုင်းတစ်ပိုင်း၊ လေးပိုင်းတစ်ပိုင်းစသည်တို့ကို မိမိဘာသာလုပ်စေပါသည်။ အာရုံအမျိုးမျိုးဖြင့်သင်ယူမှုကိုသုံးခြင်းဖြင့် ကျောင်းသူကျောင်းသားတို့အား ၎င်းတို့တတ်မြောက်မှုကို ပြသပုံကို လွတ်လပ်စွာရွေးချယ်စေပါသည်။ ကျောင်းသူကျောင်းသားတို့တင်ပြရန် ပြင်ဆင်နေစဉ် သူမကစောင့်ကြည့်ပြီး ဆွေးနွေးချက်များကိုလည်း နားထောင်ပါသည်။ အချို့ကျောင်းသူကျောင်းသားများ စာအုပ်ထဲ ပုံဆွဲခြင်း၊ အချို့က ပစ္စည်းများဖြင့်အပိုင်းကိန်းကို ပြသခြင်းတို့ လုပ်ဆောင်ပါသည်။ ကျောင်းသူကျောင်းသားတို့ သုံးသည့်နည်းများကို တစ်ခါတည်းတွေ့မြင်သွားပြီး လွယ်လင့်တကူ(သို့)ခဲရာခဲဆစ် လုပ်ဆောင်ရကြောင်းလည်း သိရပါသည်။

ကျောင်းသူကျောင်းသားအများစုက နှစ်ပိုင်းတစ်ပိုင်းကို လွယ်လင့်တကူ လုပ်နိုင်ပြီး တစ်ယောက်စ၊ နှစ်ယောက်စ ရုန်းကန်ရပါသည်။ ကျောင်းသူကျောင်းသားတစ်ဝက်မျှ လေးပိုင်းတစ်ပိုင်းအကြောင်း ရှုပ်ထွေးနေပါသည်။

### လုပ်ဆောင်ချက် ၁၅.၆ အဖြေ

- ကျောင်းသူကျောင်းသားတို့ဘယ်နေရာရောက်နေမှန်းသိအောင် ဒေါ်နန်းမိုအောင်က မည်သည့် **သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်း**ကို သုံးထားပါသနည်း။

  မိမိတို့၏သင်ယူမှုကို သန်ရာသန်ရာနည်းဖြင့် အာရုံအမျိုးမျိုးဖြင့် လုပ်ဆောင်ချက်များအား ကျောင်းသူကျောင်းသားတို့ လုပ်နေစဉ် ဒေါ်နန်းမိုအောင်က ကြည့်ရှုလေ့လာပါသည်။ ဤသို့ဖြင့် ကျောင်းသူကျောင်းသားတို့ကလည်း မိမိတို့၏ သင်ယူမှုကို ပြသနိုင်ပြီး၊ ဆရာမကလည်း အားလုံးအကျုံးဝင်အောင် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

- စစ်ဆေးအကဲဖြတ်မှုကိုအခြေပြုလျက် နောက်သင်ခန်းစာတွင် ဒေါ်နန်းမိုအောင်လုပ်ဆောင်နိုင်သည်များကို သင် အကြံပြုနိုင်ပါသလား။

  အပိုင်းကိန်းသင်ခန်းစာ သင်အပြီး ကျောင်းသူကျောင်းသားတို့တတ်မြောက်မှုကို ဒေါ်နန်းမိုအောင်က ကောင်းကောင်း စစ်ဆေးအကဲဖြတ်လိုက်ပါသည်။ ကျောင်းသူကျောင်းသားအများစုက နှစ်ပိုင်းတစ်ပိုင်းကို ပြနိုင်သည်ဟု ကောက်ချက်ချပါသည်။ အခက်ကြုံသေးသည့် အနည်းငယ်သော ကျောင်းသူကျောင်းသားများအတွက် အိမ်မှာလေ့ကျင့်ရန် အိမ်စာပေးခြင်းဖြင့်လည်းကောင်း၊ နောက်တစ်တန်းတွင် နှစ်ပိုင်းတစ်ပိုင်းအကြောင်းကို အချိန်ပေးပြီး (သင်ခန်းစာအစ လုပ်ဆောင်ချက်တစ်ခုကို အခြားသူများလုပ်စဉ်) ပြန်ကြည့်စေခြင်းဖြင့်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။

  ကျောင်းသူကျောင်းသားတစ်ဝက်မျှ လေးပိုင်းတစ်ပိုင်းအကြောင်း သိပ်မရသေးပါ။ နောက်သင်ခန်းစာတွင် ထပ်သင်ရပါမည်။ နားလည်သည့် ကျောင်းသူကျောင်းသားနှင့် နားမလည်သည့်ကျောင်းသူကျောင်းသားကို ရောနှောပြီး အုပ်စုဖွဲ့ ထိုင်စေကာ ပံ့ပိုးနိုင်ပါမည်။ လေးပိုင်းတစ်ပိုင်းအကြောင်း ရပြီးသား ကျောင်းသူကျောင်းသားများအတွက် နောက်တစ်နည်း သင်ကြားကာ (ကွာဟချက်ကိုလည်းပိုမများစေဘဲ) ပိုမိုနက်နဲစွာ နားလည်စေနိုင်ပါသည် - ဥပမာ နာရီဖြင့် ၁၅ မိနစ်၊ မတ်တင်းများကို စူးစမ်းစေနိုင်ပါသည်။

**မှတ်ချက် -** အထက်ပါအကြံပြုချက်များကို ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်ဆွေးနွေးပါ။ သို့မဟုတ် ယင်းတို့သည် မိမိသင်ကြားသည့် အတန်းများနှင့် သင့်တော်ခြင်းရှိမရှိ စဉ်းစားပါ။

## ၅.၁.၃ သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု (summative assessment)

တစ်ခုခုလုပ်ပြီးသည့်အခါအနှစ်ချုပ်လေ့ရှိသကဲ့သို့ **အတိုချုပ်(summative)**ဟူသည်မှာ သင်ယူမှုဖြစ်စဉ်အဆုံးတွင်အနှစ်ချုပ်ခြင်းဖြစ်ပါသည်။ ဥပမာ ပေးခဲ့သည့်သာဓကကဲ့သို့ သင်္ချာသင်ခန်းစာများကို အစဉ်အတိုင်း သင်ကြားခဲ့လျှင် သင်ယူစရာယူနစ်တစ်ခု အဆုံးတွင် ဖြစ်နိုင်ပါသည်။ သင်ခန်းစာများအကြားတွင် စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်သော်လည်း သင်ခန်းစာအတွဲအဆုံးတွင် ကျောင်းသူကျောင်းသားတို့၏ တိုးတက်မှု၊ သင်ယူတတ်မြောက်မှုကိုသိနိုင်လျှင် ဆရာ/မအတွက် အထောက်အကူပြုပါမည်။

**သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု**အတွက် လုပ်ဆောင်ချက်များတွင် အတန်းတစ်ဆင့်အပြီး သင်ယူမှုကို တိုင်းတာပြီးမှတ်တမ်းတင်ရန်၊ နောက်တစ်ဆင့်ဆက်သွားရန်၊ လက်မှတ်ရန်အတွက် စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းတကျဖြစ်သော စာမေးပွဲများ

ပါဝင်နိုင်ပါသည်။ သင်တန်းအဆုံး မှတ်တမ်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များ တင်သောအခါ ကျောင်းသူကျောင်းသားတို့အား ခြုံငုံပြီးအဆင့်သတ်မှတ်ပေးခြင်းသည် ဤသို့စစ်ဆေးအကဲဖြတ်ရာရောက်ပါသည်။

ဤစစ်ဆေးအကဲဖြတ်မှုမျိုးသည် ကျောင်းသူကျောင်းသားတို့၏ လိုအပ်ချက်အားလုံးကို ထည့်သွင်းစဉ်းစားလေ့မရှိပါ။ ဤစစ်ဆေးအကဲဖြတ်မှုမျိုးတွင် ကျောင်းသူကျောင်းသားများသည် မိမိတို့၏အတန်းတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ အတန်းတူ သူများနှင့် နှိုင်းယှဉ်တိုင်းတာနိုင်မည့် စံနှုန်းသတ်မှတ်ထားသည့် စာမေးပွဲတစ်ရပ်ကို ဖြေဆိုရတတ်ပါသည်။

အောက်ပါတို့သည် **သင်ယူပြီးစစ်မေးအကဲဖြတ်မှု**ကို အသုံးပြုပုံဥပမာများဖြစ်ပါသည်။



**အရေးပါသောရလဒ်ထွက်သည့်စစ်ဆေးမှု (high stakes test) (စစ်သူဖြေသူနှစ်ဦးအတွက် အကျိုးဆက်များရှိသည့် စစ်ဆေးမှု) (သို့) ဆရာ/မ ဖန်တီးထားသည့်စစ်ဆေးမှုများ -** စာမေးပွဲစစ်သည့်အခါ မိမိတို့ကြုံရသည့် ဖိစီးမှုကို ထောက်ရှုလျက် ကျောင်းသူကျောင်းသားတို့အတွက် သင့်တော်မတော် စဉ်းစားရပါမည်။ စာမေးပွဲများသည် အသုံးဝင်နိုင်သော်လည်း ကျောင်းသူကျောင်းသားတို့ သက်တောင့်သက်သာဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်မည့် နည်းလမ်းများကို စဉ်းစားပါ။ အဖြေမှန်ရွေးသည့် မေးခွန်းများက အထောက်အကူဖြစ်စေနိုင်ပြီး သင်ထားသည့် အကြောင်းအရာများ စာမေးပွဲတွင်ပါသည်ဟုလည်း ကျောင်းသူကျောင်းသားတို့ကို အားပေးပါ။ ယခင်သင်ရိုးပိုင်းများတွင် နောက်အဆင့်များကိုဖော်ထုတ်နိုင်ရန် အမှားများကို လက်ခံကြိုဆိုခြင်း အကြောင်းဆွေးနွေးခဲ့သည်။ ကျောင်းသူကျောင်းသားမှန်ခြင်းမှားခြင်းကို စစ်ဆေးအကဲဖြတ်မည့်အစား ဆရာ/မမှ ကူပေးရမည့်နေရာကို ဖော်ထုတ်ခြင်းဖြင့် ကျောင်းသူကျောင်းသားတို့အတွက် စိတ်သက်သာရာရစေပါမည်။



**သရုပ်ဆောင်မှု (performance) -** ဘာသာစကားသင်ခန်းစာတွင် ရည်ရွယ်ချက်အမျိုးမျိုးကို စစ်ဆေးအကဲဖြတ်ရာတွင် အသုံးဝင်နိုင်ပါသည်။ ဘာကိုဘယ်အကြောင်းကြောင့် စစ်ဆေးအကဲဖြတ်ရန် လိုအပ်ကြောင်း တွေးတောပါ။ ကျောင်းသူကျောင်းသားအားလုံးသည် သက်တောင့်သက်သာ သရုပ်ဆောင်နိုင်မည်တော့မဟုတ်ပါ။ စာရေးတတ်စ ကျောင်းသူ ကျောင်းသားငယ်တို့အတွက် ထိရောက်နိုင်ပါမည်။ ဇာတ်ကောင်တစ်ယောက်၏ ခံစားချက်ကို စာစီကုံးမည့်အစား သရုပ်ဆောင်မှုတစ်ခုဖြင့် ကျောင်းသူကျောင်းသားတို့ ဖော်ပြပုံကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။



**စာစီစာကုံး –** အသုံးများသည့် သင်ယူပြီးစစ်ဆေးအကဲဖြတ်ပုံတစ်မျိုးဖြစ်ပါသည်။ ကျောင်းသူကျောင်းသားတို့ကို စာစီစာကုံးရေးမခိုင်းမီ မည်သည့်ပုံစံနှင့်အကြောင်းအရာကို မျှော်လင့်ထားကြောင်း ကျောင်းသူကျောင်းသားတို့ နားလည်မလည်သေချာပါစေ။



**လုပ်ငန်းဆောင်ရွက်ချက်(သို့)မှတ်တမ်း (project or portfolio) –** သင်ယူမှုယူနစ်အပြီး ကျောင်းသူကျောင်းသားအားလုံးလုပ်နိုင်မည့် ထိရောက်သည့်နည်းလမ်းဖြစ်ပါသည်။ အသိပညာနှင့်နားလည်မှုကိုတင်ပြပုံကို ပြောင်းလွယ်ပြင်လွယ်ရှိစေနိုင်ပါသည်။ (သင်ယူမှု)ဖြစ်စဉ်တွင် ဆရာ/မက သင်ကြားခွင့်၊ စစ်ဆေးအကဲဖြတ်ခွင့်ရပါသည်။

## လုပ်ဆောင်ချက် ၁၅.၇ - သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု (၂၀ မိနစ်)

၁. ဒေါ်နန်းမိုအောင်၏ အောက်ပါသင်ခန်းစာနမူနာကို**ဖတ်**ပါ။

၂. သင်ကြားရေးယူနစ်အပြီး ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကို ခြုံငုံသိရှိရန် မည်သည့်**သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်း**ကို သုံးထားပါသနည်း။

၃. ကျောင်းသူကျောင်းသားအားလုံး မည်မျှတတ်မြောက်ထားကြောင်းပြသစေနိုင်ရန် ဆရာမက မည်သို့လုပ်ဆောင်နိုင်ကြောင်း **အကြံပြု**ပါ။

၄. သင်ယူမှုဂျာနယ်တွင် မိမိအတွေးအမြင်များရေးပြီး ဖြစ်နိုင်လျှင် ၎င်းတို့ကိုလုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်ဆွေးနွေးပါ။



ဒေါ်နန်းမိုအောင်က အပိုင်းကိန်းအကြောင်း တစ်ပိုင်းသင်ပြီးပါပြီ။ အပိုင်းကိန်းမသင်မီကြိုတင်စစ်ဆေးအကဲဖြတ်မှုမှ ကျောင်းသူကျောင်းသားတို့၏ အသိပညာနှင့်နားလည်မှုတို့ကို ယခုရလဒ်များနှင့် နှိုင်းယှဉ်စစ်ဆေးအကဲဖြတ်လိုပါသည်။

သီတင်းပတ်နှစ်ပတ်အကြာ အပိုင်းကိန်းသင်စဉ် ဆရာမက စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်မှုဖြင့် မှန်မှန်စစ်ခဲ့ပါသည်။ ကျောင်းသူကျောင်းသားတို့သင်ယူမှုကို ကြည့်ရှုလေ့လာခဲ့ပြီး အဝင်/အထွက်လက်မှတ်များဖြင့် သင်ခန်းစာအပြီး နားလည်မှုကို စစ်ဆေးအကဲဖြတ်ခဲ့ပါသည်။

ကျောင်းသူကျောင်းသားတို့ကို ဆရာမလုပ်ထားသည့် လေ့ကျင့်ခန်းစာရွက်ကို ပေးထားပါသည်။ စာရွက်တွင် ပုံသဏ္ဌာန်များ၏အပိုင်းများကို အရောင်ခြယ်စရာများပါဝင်သည်။ အခြားမေးခွန်းများတွင် ကိန်းဂဏန်းအပိုင်းနှင့် ပစ္စည်းများ၏ရုပ်ပုံများပမာဏကို တွဲစေပါသည်။ နောက်ဆုံးအပိုင်းတွင် စကားလုံးပြဿနာများကို ဖြေကြားစေပါသည်။ ဤအပိုင်းသည် အပိုင်းကိန်းများကို (ရုပ်ပုံများကိုမတွေ့ရဘဲ) စဉ်းစားရသောကြောင့် အခက်ခဲဆုံး အပိုင်းလည်း ဖြစ်ပါသည်။ ဒေါ်နန်းမိုအောင်က အဖြေမှန်ရွေးသည့်မေးခွန်းများ ပေးထားပါသည်။ ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် ဘာလုပ်နိုင်ကြောင်း ကောင်းကောင်းနားလည်လိုသောကြောင့် ဒေါ်နန်းမိုအောင်က ကျောင်းသူကျောင်းသားတို့ကို ဆရာလွတ်လုပ်စေပြီး ဘာအကူအညီမှ မပေးပါ။

## လုပ်ဆောင်ချက် ၁၅.၇ အဖြေ

- သင်ကြားရေးယူနစ်အပြီး ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကို ခြုံငုံသိရှိရန် မည်သည့်**သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်း**ကို သုံးထားပါသနည်း။

  ဒေါ်နန်းမိုအောင်က သူကိုယ်တိုင်လုပ်ထားသည့် အလွတ်သဘော စစ်ဆေးမှုတစ်ခုကိုသုံးပါသည်။ အပိုင်းကိန်းအကြောင်း ကျောင်းသူကျောင်းသားတို့သိထားသည့် အကြောင်းအရာအမျိုးမျိုးပါဝင်သောကြောင့် ကျောင်းသူကျောင်းသားအားလုံး မေးခွန်းအားလုံးကိုမဖြေနိုင်လျှင်ပင် အချို့ကိုဖြေနိုင်မည်ဖြစ်ပါသည်။ ကိုယ်တိုင်စစ်ဆေးခြင်းဖြင့် အွန်လိုင်းမှာတွေ့ရသည့် စံချိန်မီစာမေးပွဲတစ်ခုကို သုံးမည့်အစား ကျောင်းသူကျောင်းသားတို့မည်မျှနားလည်မလည် စစ်ဆေးအကဲဖြတ်နိုင်မည့် အစမ်းစာမေးပွဲတစ်ခုကို လိုက်လျောညီထွေ ပြုလုပ်နိုင်ခဲ့ပါသည်။ အစမ်းစာမေးပွဲ/လေ့ကျင့်ခန်းစာရွက်သည် ကျောင်းသူကျောင်းသားတို့အဖို့ ကြောက်စရာမကောင်းသလို ဖိအားပေးမည်လည်းမဟုတ်ပါ။ ကျောင်းသူကျောင်းသားတို့အတွက် အခက်ခဲဆုံးဖြစ်မည်ဟုထင်သောအပိုင်းကို အဖြေမှန်ရွေးသည့်မေးခွန်းများ ပေးထားပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

- ကျောင်းသူကျောင်းသားအားလုံး မည်မျှတတ်မြောက်ထားကြောင်းပြသစေနိုင်ရန် ဆရာမက မည်သို့လုပ်ဆောင်နိုင်ကြောင်း **အကြံပြု**ပါ။

  ကျောင်းသူကျောင်းသားအားလုံး အစမ်းစာမေးပွဲ/လေ့ကျင့်ခန်းစာရွက်ကိုနားလည်ပြီးလုပ်နိုင်မနိုင် ဆရာမက ဆန်းစစ်ရန် အရေးကြီးပါသည်။ ကျောင်းသူကျောင်းသားတို့ ဖတ်ကြည့်စဉ် အခက်ကြုံခဲ့လျှင် အပိုင်းကိန်းကိုနားလည်မလည် စစ်ဆေးအကဲဖြတ်ခြင်း မဟုတ်တော့ဘဲ မေးခွန်းဖတ်နိုင်မနိုင် စစ်ဆေးအကဲဖြတ်ခြင်းသာလျက် ဖြစ်သွားပါမည်။ တစ်ဖန် အားလုံးအကျုံးဝင်သင်ရိုးပိုင်း၏ အဓိကအချက်ဖြစ်သည့်ကျောင်းသူ သင်ယူသူများကိုသိရှိခြင်း၏ အရေးကြီးပုံကို ဤနေရာတွင် ထပ်လောင်း သတိပြုရပါမည်။

**မှတ်ချက် -** သင့်တပည့်များ ကြုံရသည့်အခက်အခဲများ၊ မိမိက ပံ့ပိုးနိုင်ပုံများကို ဆွေးနွေးပါ။ ဥပမာ အထက်ပါအနေအထားရှိ ကျောင်းသူကျောင်းသားတစ်ဦးကို ကျောင်းမှအခြားဝန်ထမ်းတစ်ဦးက မေးခွန်းများကိုဖတ်ပြပေးနိုင်ပါသလား။


## ၆. အားနည်းချက်ရှာ၊ သင်ယူစဉ်နှင့် သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုအတွက် သုံးနိုင်သည့်နည်းများ


ကြည့်ရှုလေ့လာမှု၊ ဆွဲထားသည့်ပုံတစ်ပုံ၊ အစီရင်ခံစာ၊ စာမေးပွဲတစ်ခုတို့မှ ကျောင်းသူကျောင်းသားတို့ နားလည်မလည် စစ်ဆေးအကဲဖြတ်နိုင်ကြောင်း ယခင်သင်ရိုးပိုင်းများတွင် စူးစမ်းခဲ့ပြီ။ သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်ရာတွင် ရည်ရွယ်ချက်နှင့် အချက်အလက်များအားအသုံးချပုံကို တွေးရပါမည်။

ဆရာ/မအများစုက ကျောင်းသူကျောင်းသားတို့ နားလည်မလည်၊ နက်နက်နဲနဲ တတ်မြောက်ခြင်းရှိမရှိ စစ်ဆေးအကဲဖြတ်ရာတွင် သင်ခန်းစာတစ်လျှောက် ကျောင်းသူကျောင်းသားတို့ကို **မေးခွန်းမေး**ကြပါသည်။ ဤနည်းကို ကျောင်းသူကျောင်းသားတို့ သင်ယူမှုတွင် မည်မျှခရီးရောက်နေကြောင်းသိရန် **အားနည်းချက်ရှာ**ခြင်း၊ နောက်တစ်ဆင့်သင်ယူမှုအတွက်ပြင်ဆင်နိုင်ရန် **သင်ယူစဉ် စစ်ဆေးအကဲဖြတ်**နည်း၊ ကာလတစ်ခုအတွင်း ကျောင်းသူကျောင်းသားတို့၏ အသိပညာနှင့်နားလည်မှုကို ခြုံငုံစစ်ဆေးနိုင်မည့် **သင်ယူပြီးစစ်ဆေးအကဲဖြတ်**ခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။


### ၆.၁ မေးခွန်းမေးခြင်း


သင်ရိုးပိုင်း ၆ တွင်အသေးစိတ်ကြည့်ပြီးဖြစ်သော်လည်း ကျောင်းသူကျောင်းသားတို့ကိုစစ်ဆေးအကဲဖြတ်ရာတွင် မေးခွန်းများ အရေးပါပုံကို စဉ်းစားရန်အရေးကြီးပါသည်။ အကြောင်းအရာတစ်ခုအကြောင်း မည်သည်ကိုနားလည်ထားကြောင်း မြန်မြန်ဆန်ဆန် အလွတ်သဘော မေးမြန်းစူးစမ်းနိုင်သည့် နည်းလည်းဖြစ်ပါသည်။ ကျောင်းသူကျောင်းသားများ၏ ယေဘုယျနားလည်မှုကို မှန်းဆရန် ရိုးရိုးရှင်းရှင်းမေးခွန်းလည်း ဖြစ်နိုင်ပါသည်။



သံပြိုင်ဖြေဆိုခြင်းသည် သင်ယူမှုကို အလုံးစုံစစ်ဆေးအကဲဖြတ်နိုင်သည့်နည်း မဟုတ်ကြောင်း သတိချပ်စေလိုပါသည်။ အထက်ပါ ဥပမာမှ မေးခွန်းထိရောက်စေရန် ဆရာ/မကတုံ့ပြန်ပုံသည် ကျောင်းသူကျောင်းသားတို့အတွက် အဆင်ပြေရပါမည်။ ဆရာ/မ ကျေနပ်အောင် နားလည်ပါသည်ဟု ဖြေသော်ငြားလည်း ကျောင်းသူကျောင်းသားတို့ကို ရွေးချယ်စရာများ ပိုမိုပေးခြင်းက ထိရောက်ပါလိမ့်မည်။



ကျောင်းသူကျောင်းသားတို့လုပ်နိုင်/မလုပ်နိုင် မိမိက မြန်မြန်ဆန်ဆန် မြင်နိုင်ရန် သင်ပုန်းဖြူအငယ်များသုံးပြီး ရောင်စုံအဝိုင်းလေးများပါသည့် မီးပွိုင့်စနစ်ဖြင့် ၎င်းတို့၏ နားလည်မှုကိုပြစေနိုင်ပါသည်။ သင်ကြားထားသည့် အသိသညာ/ကျွမ်းကျင်မှု အသစ်တစ်ခုကို ကျောင်းသူကျောင်းသားတို့ပိုင်နိုင်မှုရှိမရှိ လျှင်မြန်စွာ စစ်ဆေးအကဲဖြတ်စေနိုင်ပါသည်။ မှန်မှန်သုံးမည့် အရောင်များကို အတန်းနှင့် သဘောတူထားရပါမည်။

ကျောင်းသူကျောင်းသားတို့၏ စိတ်အားတက်ကြွမှု၊ စိတ်ဝင်စားမှုအပေါ် နှောင်အခါ သက်ရောက်စေနိုင်သည့်အတွက် အဖြေမှား များကို မည်သို့တုံ့ပြန်မည်ကိုလည်း စဉ်းစားပါ။





Image sources: https://freesvg.org/thumb-up-symbol-with-right-hand https://en.wikipedia.org/wiki/File:Thumbs-down-icon.png https://freesvg.org/three-hands (free)

**ဆွေးနွေး/ဆင်ခြင်သုံးသပ်ချက်**

R
- သင်ယူသူများ မသိသည့်အရာကို စူးစမ်းရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။
- ၎င်းတို့သိထားသည့်အရာကို စူးစမ်းခြင်းလောက် အရေးကြီးပါသလား။
- အထက်ပါတို့ကို သင် စူးစမ်းရာမှ သိလာသည်ကို အသုံးပြုပုံကိုတွေးပါ။ မည်သည်ကို ကျောင်းသူကျောင်းသား အားလုံး နားလည်စေရန် အချိန်ပိုပေးရမည်မှန်း သိရန် အထောက်အကူပြုနိုင်ပါသလား။

Q

မိမိတို့စူးစမ်းခဲ့သည့် အဓိကမေးခွန်းနှစ်မျိုးမှာ **အပိတ်**နှင့် **အဖွင့်**မေးခွန်းများဖြစ်ပါသည်။ **အပိတ်မေးခွန်း**အတွက် အချက်အလက် မှတ်မိရမည့် အဖြေတိုတစ်ခုသာလိုအပ်ပါသည်။ အမှန်အမှားသာရှိပါသည်။ ဥပမာ "မြန်မာနိုင်ငံရဲ့ မြို့တော်ကဘာလဲ"ဟု ဆရာက မေးခြင်း။

ဆရာ/မများသည် မေးခွန်းမေးပြီး စောင့်ဆိုင်းမှုမပြုခြင်း၊ ကျောင်းသူကျောင်းသားတို့တိတ်ဆိတ်နေသောအခါ ရိုးရိုးရှင်းရှင်း ဖြစ်အောင်လုပ်ခြင်းတို့ လုပ်လေ့ရှိပါသည်။ ကျောင်းသူကျောင်းသားတို့ မဖြေဆိုမီ စဉ်းစားချိန်ရအောင်၊ အဖြေကောင်း ထွက်လာအောင် ၃ စက္ကန့်မျှ စောင့်ဆိုင်းပါ (Rowe, M 2008)။ တွေးတော၊ တွဲဖက်၊ ဝေမျှခြင်းသည်လည်း အသုံးဝင်နိုင်ပါသည်။ မေးခွန်းမေးပြီး အဖြေသိပ်မရလျှင် အတန်းဖော်များနှင့်ပြောဆိုခိုင်းပြီး ဆွေးနွေးခြင်းရှိမရှိ စောင့်ကြည့်ပါ။ ဖိအားပေးမှုနည်းပြီး အတွေးအမြင်များ အချင်းချင်းပြောကြည့်ကာ အတွေးချင်းတူမတူ စူးစမ်းနိုင်ပါသည်။ ဆရာ/မကလည်း မြန်မြန်ဆန်ဆန် စစ်ဆေး အကဲဖြတ်နိုင်ပြီး နောက်လုပ်စရာကို လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်နိုင်ပါသည်။

**အဖွင့်မေးခွန်း**များအတွက် ရှည်ရှည်လျားလျားဖြေဆိုရန်လိုအပ်ပြီး ကျောင်းသူကျောင်းသားတို့က ထင်မြင်ချက်ပေးရလေ့ရှိ ပါသည်။ အဖွင့်မေးခွန်းများသည် ကျောင်းသူကျောင်းသားအားလုံး မေးခွန်းကိုဖြေဆိုပြီးပါဝင်ဆွေးနွေးခွင့်ပေးပါသည်။ "ဆက်ပြောပါဦး"နှင့် "ဘာကြောင့် ဒီလိုထင်တာလဲ" စသဖြင့် မေးပါသည်။

ကျောင်းသူကျောင်းသားတို့နှင့် ဆွေးနွေးသည့်အခါ ၎င်းတို့နားလည်ပုံကို ဆန်းစစ်နိုင်ကာ နားလည်မှုလွဲမှားခြင်းကို တည့်မတ်ပေး နိုင်ပါမည်။

**ကျပန်းမေးခြင်း** - ကျောင်းသူကျောင်းသားတို့နှင့် ယုံကြည်မှုရှိသည့် ဆက်ဆံရေးတည်ဆောက်ပြီးသည့်အခါ (သင်ရိုးပိုင်း ၅ အပြုသဘော ဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း) ကျောင်းသူကျောင်းသား တို့ စိတ်ချလက်ချ ပြောဆိုနိုင်၊ မေးခွန်းများ ဖြေဆိုနိုင်ပါမည်။ ထိရောက်သော မေးခွန်းထုတ်နည်းတစ်ခုမှာ ဖြေဆိုရန်လက်ထောင်စေခြင်းထက် ကျောင်းသူ ကျောင်းသားတစ်ယောက်ကို ကျပန်းရွေးချယ်ပြီး ဖြေဆိုစေခြင်းဖြစ်သည်။ ရေခဲချောင်းတုတ်အပေါ် အမည်များရေးပြီး သုံးနိုင်ပါသည်။ များစွာ စိတ်အား တက်ကြွစေကာ မေးခွန်းကိုလည်း မျှမျှတတဖြစ်စေပါသည်။




Image source:
https://pxhere.com/en/photo/1218601 (free)


## လုပ်ဆောင်ချက် ၁၅.၈ - စစ်ဆေးအကဲဖြတ်ရန် မေးခွန်းမေးခြင်း (၂၀ မိနစ်)

၁. အောက်ပါမေးခွန်းများကို**ဖတ်ပါ။** အားလုံးအတူတူဖြစ်ကြောင်း သတိချပ်ပါ။

၂. မေးခွန်းအောက်မှအကြောင်းအရာကို**ယခု**ဖတ်ပါ။

၃. မည်သည့်စစ်ဆေးအကဲဖြတ်မှုအမျိုးအစားနှင့်ကိုက်ညီကြောင်းဆုံးဖြတ်ပါ။


၄. အကြောင်းအရာအပေါ်မူတည်လျက် အဖြေများကွဲပြားပုံအကြောင်း အတွေးအမြင်များရေးသားပါ။




၁. ဦးနိုင်လွင်က နာမဝိသသနအကြောင်း သင်ခန်းစာ ၃ ခုသင်ပြီးနောက် မေးခွန်းမေးပါသည်။ နောက်တစ်ပတ် သင်ခန်းစာပြောင်းရန် စီစဉ်နေပါသည်။




၂. ဦးနိုင်လွင်က နာမဝိသေသနအကြောင်း ပထမသင်ခန်းစာအပြီး မေးခွန်းမေးပါသည်။




၃. ဦးနိုင်လွင်က နာမဝိသေသနအကြောင်း သင်ခန်းစာ စမသင်မီ မေးခွန်းမေးပါသည်။

| အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု | သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု | သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု |
|---|---|---|
| နံပါတ် - | နံပါတ် - | နံပါတ် - |
| ဖြစ်နိုင်သည့်အဖြေများ - | ဖြစ်နိုင်သည့်အဖြေများ - | ဖြစ်နိုင်သည့်အဖြေများ - |

## လုပ်ဆောင်ချက် ၁၅.၈ အဖြေ

| အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု | သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှု | သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု |
|---|---|---|
| နံပါတ် ၃ | နံပါတ် ၂ | နံပါတ် ၁ |
| ဖြစ်နိုင်သည့်အဖြေများ - နာမဝသေသနအကြောင်း မည်မျှသိထားသည့် အပေါ် မူတည်လျက် ဖြေနိုင်ချင်မှနိုင်ပါမည်။ ကျောင်းသူကျောင်းသား အချင်းချင်း သိထားသည်များ ကွဲပြားသောကြောင့် အဖြေလည်း ကွဲပြားနိုင်ပါသည်။ | ဖြစ်နိုင်သည့်အဖြေများ - သင်ခန်းစာကို ကျောင်းသူကျောင်းသားများနှင့် သင့်တော်အောင်သင်ပြီး အဆင့်ဆင့်ခွဲနိုင်ခဲ့လျှင် သင်ခန်းစာအဆုံး၌ နာမဝိသေသနအကြောင်း ကျောင်းသူကျောင်းသားတို့ သိသွား နိုင်ပါသည်။ အချို့ကျောင်းသူကျောင်းသားများ အသေးစိတ်ဖြေခြင်း၊ ဥပမာပေးခြင်း များ လုပ်ဆောင်နိုင်ပါသည်။ | ဖြစ်နိုင်သည့်အဖြေများ - သင်ခန်းစာ ၃ ခုသင်ပြီး ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားတို့ မေးခွန်းကို အသေးစိတ်ဖြေနိုင်ပြီး ဥပမာလည်း ပေးနိုင်ပါမည်။ |

## ၆.၂ တုံ့ပြန်ဖြေကြားခြင်း

တုံ့ပြန်ဖြေကြားခြင်းကို သင်ရိုးပိုင်း ၆ တွင် အသေးစိတ်လုပ်ဆောင်ထားပြီးဖြစ်သည်။ သို့သော် စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်လာလျှင် ကျောင်းသူကျောင်းသားနှင့် ဆရာ/မတို့ လက်ရှိအခြေအနေ၊ သွားလိုသောနေရာ၊ မည်သို့ရောက်အောင်သွားမည် စသည်တို့ကို ဆွေးနွေးသည့်လုပ်ငန်းစဉ်၏ အဓိကအပိုင်းဖြစ်ပါသည်။ ဆရာ/မက ကျောင်းသူကျောင်းသားတို့ကို ဘာလုပ်ရမည်ကို တစ်ဖက်သတ်ပြောသော လုပ်ငန်းမဖြစ်စေရဘဲ သင်ယူမှုအတွက်ထိရောက်မှုရှိစေရန် ဆရာ/မက ကျောင်းသူကျောင်းသားတို့ထံမှ တုံ့ပြန်ဖြေကြားမှုများ လိုအပ်ပါသည်။

**"ထိရောက်သော တုံ့ပြန်ဖြေကြားမှုသည် ကျောင်းသူကျောင်းသားတို့ ပေါက်မြောက်အောင်မြင်မှုအပေါ် နက်နဲသောသြဇာညောင်းမှုအလားအလာ ရှိပါသည် - သင်ယူမှုအဟုန်ကို နှစ်ဆတိုးနိုင် ပါသည်"** Hattie, J (2011)




ယခင်သင်ရိုးပိုင်းများတွင် စူးစမ်းခဲ့သည့်အတိုင်း ဆရာ/မတို့ အတန်းတွင်းဖန်တီးသည့် ယဉ်ကျေးမှုသည် တုံ့ပြန်ဖြေကြားမှုများကို ထိရောက်စေပါမည်။ အမှားကို သင်ယူရန် အခွင့်အလမ်းအဖြစ် သဘောထားသည့် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ရှိခဲ့လျှင် သင်ကြားခြင်းထက် သင်ယူခြင်းက ပဓာနကျလာမည်ဖြစ်ပါသည်။

ကျောင်းသူကျောင်းသားများ အလုပ်ကောင်းကောင်းလုပ်ထားသည့်အပေါ် အသိအမှတ်ပြုကာ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ပုံကိုလည်း တိတိကျကျ တုံ့ပြန်ဖြေကြားသင့်ပါသည်။ ၎င်းတို့လုပ်ကိုင်ပုံတိုးတက်စေရေးအတွက် တိကျသော ဦးတည်ချက်များ ပေးပါ။


တုံ့ပြန်မှုအကြောင်းကို အပိုင်းသုံးပိုင်းဖြင့် တွေးနိုင်ပါသည်။ အားတက်ဖွယ် မှတ်ချက်ပေးခြင်း (အားထုတ်သည့်အပေါ်မူတည်နိုင်ပါလိမ့်မည်) ၊ အပြုသဘောဆောင် တုံ့ပြန်ဖြေကြားခြင်း၊ ထို့နောက် အကောင်းမြင်သည့်ပံ့ပိုးပေးခြင်းတို့ဖြစ်သည်။ မြားပုံဇယားရှိ နမူနာများကိုကြည့်ပါ။

**ပြန်လည်သုံးသပ်ခြင်း -** ကျောင်းသူကျောင်းသားတို့ကို တုံ့ပြန်ဖြေကြားဖူးသည့် အချိန်တစ်ချိန်ကို တွေးပါ။ မည်မျှထိရောက်ပါသနည်း။ မည်သို့ပြုပြင်စရာ လိုပါသနည်း။

## လုပ်ဆောင်ချက် ၁၅.၉ - ကျောင်းသူကျောင်းသားတို့ထံမှ တုံ့ပြန်ဖြေကြားမှုကို တုံ့ပြန်ခြင်း (၄၅ မိနစ်)


လုပ်ဆောင်မှုတစ်ခုအပေါ် ကျောင်းသူကျောင်းသားတို့ထံမှ တုံ့ပြန်ဖြေကြားမှုဥပမာများကို **အောက်ပါဇယားတွင် ကြည့်ပါ။** ကျောင်းသူကျောင်းသားတစ်ဦးချင်းအား ပံ့ပိုးရန် **သင် မည်ကဲ့သို့ တုံ့ပြန်မည်**ကို စဉ်းစားပါ။

ဇယားအောက်ခြေရှိကွက်လပ်များတွင်အကြံပြုပါ။



## လုပ်ဆောင်ချက် ၁၅.၉ - အဖြေ

**မှတ်ချက် -** အောက်တွင်ပေးထားသောအဖြေများသည် ကျောင်းသူကျောင်းသားများ အောင်မြင်စွာလုပ်ခဲ့သည်ကို ဆရာ/မအား တုံ့ပြန်ဖြေကြားသည့်အပေါ် ပြန်လည်မှတ်ချက်ပေးရန် အကြံပြုချက်များဖြစ်ပါသည်။ မိမိလုပ်ကိုင်သည့် အခြေအနေပေါ် မူတည်ပြီး အခြားအတွေးအမြင်များလည်း ရှိနိုင်ပါသည်။




အစဉ်အလာအတိုင်းတုံ့ပြန်ဖြေကြားမှုတွင် ကျောင်းသူကျောင်းသားတို့၏အလုပ်အပေါ် အမှတ်ပေးခြင်း၊ မှတ်ချက်ပေးခြင်းများ ပါဝင်ပါမည်။ အထက်ပါတုံ့ပြန်ဖြေကြားမှုမျိုးသည် ကျောင်းသူကျောင်းသားတို့ နားလည်လေ့မရှိသည့် အမှတ်တစ်ခု၊ အဆင့်တစ်ခု သတ်မှတ်ခြင်းထက် ပိုမိုအပြုသဘောဆောင်ပါသည်။

ဤနည်းဖြင့်တုံ့ပြန်ဖြေကြားသည့်အခါ ဆရာ/မကသတ်မှတ်ပြီး ကျောင်းသူကျောင်းသားတို့အားဝေမျှထားသည့် အလုပ်လုပ်ပုံစံများအပေါ် အခြေပြုသင့်ပါသည်။ ၎င်းကို **အောင်မြင်မှုအတွက်စံများ**ဟုဆိုကြပါသည်။

### ၆.၂.၁ အောင်မြင်မှုအတွက်စံများ

လုပ်ငန်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တို့ကို ဆရာ/မ၊ ကျောင်းသူကျောင်းသား နှစ်ဦးနှစ်ဝနားလည်ရမည်ဖြစ်ကာ အောင်မြင်မှုအတွက် သတ်မှတ်ချက်အသွင် တင်ပြထားလေ့ရှိပါသည်။

အောက်ပါတို့သည် နမူနာများဖြစ်ပါသည်။

- ကျောင်းသူကျောင်းသားတို့ စတင်မလုပ်ဆောင်မီ လုပ်ကိုင်နည်းအကြောင်းတိုက်ဆိုင်စစ်ဆေးစာရင်းကို ၎င်းတို့အား ပေးထားသည်။
- ပြီးအောင်လုပ်ထားသော အရည်အသွေးမြင့်မားသည့်အလုပ်ကို ရုပ်ပုံဖြင့်ပြထားခြင်း။ ဤသို့အားဖြင့် ကျောင်းသူကျောင်းသားတို့ထံမှ ဘာမျှော်လင့်ထားကြောင်း ၎င်းတို့အားရှင်းရှင်းလင်းလင်း သိစေပါသည်။
- မပြီးစီးသေးသော သို့မဟုတ် မျှော်မှန်းထားသည့်စံညွှန်းမမီသည့် လုပ်ငန်းသာဓက။ ဆရာ/မသည် ၎င်းသာဓကကိုသုံးပြီး လိုနေသည်များနှင့် တိုးတက်အောင်လုပ်နိုင်သည်များကို ဆွေးနွေးနိုင်ပြီး ကျောင်းသူကျောင်းသားတို့အား စိတ်ဝင်တစား လုပ်ကိုင်စေကာ ဖြစ်လာမည့်အယူအဆအလွဲများကိုလည်း ဆွေးနွေးပါ။
- ကျောင်းသူကျောင်းသားတို့အား ဆရာ/မက လုပ်ကိုင်ပြသည့်လုပ်ငန်းနမူနာ

ဥပမာများသည် လိုရင်းတိုရှင်းဖြစ်ရန်လိုပါသည်။ ကျောင်းသူကျောင်းသားများသည် လုပ်ဆောင်နေရင်း ၎င်းတို့၏သင်ယူမှုကို အထောက်အကူပြုရန် အောင်မြင်မှုအတွက်စံများကို သတိချပ်ဖွယ်၊ တိုက်ဆိုင်စစ်ဆေးဖွယ်များအဖြစ် သုံးနိုင်ပါသည်။

**လုပ်ဆောင်ချက် ၁၅-၁၀ - အောင်မြင်မှုအတွက်စံများကိုသုံးရန် ကြိုတင်ပြင်ဆင်ခြင်း (၂၀ မိနစ်)**

- မသင်ရသေးသည့် သင်ခန်းစာတစ်ခုအကြောင်းစဉ်းစားပါ။
- ကျောင်းသူကျောင်းသားတို့ ပေးထားသောလုပ်စရာတစ်ခုကို အောင်မြင်စွာလုပ်နိုင်ရန် လိုအပ်သည့်အဆင့်များကို ပြင်ဆင်ပါ။
- ပေးထားသည့်ဥပမာများကိုသုံးလျက် ၎င်းတို့ကိုအောင်မြင်မှုအတွက်စံများအဖြစ် တင်ပြနိုင်ပုံကို ဆုံးဖြတ်ပါ။

## ၆.၃ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှု

“နောက်တစ်ဆင့်သို့ မည်သို့တက်ရမည်ကို ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် သင်ယူကာ လုပ်ဆောင်တတ်ရပါမည်။ ကျောင်းသူကျောင်းသားတို့အတွက် ဆရာ/မတို့ကသင်ယူပေး၍မရပါ။” (Mary James, 1998)

ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် မိမိတို့၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် တိုးတက်မှုတို့ကို သုံးသပ်အကဲဖြတ်ရန်အတွက် မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုကို အားနည်းချက်ရှာ၊ သင်ယူစဉ်နှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်မှုအသွင်ဖြင့် သုံးခြင်းသည် ထိရောက်သောဗျူဟာဖြစ်နိုင်ပါသည်။ **ဤသင်ရိုးပိုင်းများတစ်လျှောက် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်စေခဲ့ရာတွင် သင်ရိုးပိုင်းတစ်ခုစီ၏ အစနှင့်အဆုံးတွင်ပေးထားသည့်စကေးများဖြင့် မိမိ၏တိုးတက်မှုကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် သတ်မှတ်ရန် အခွင့်အလမ်းများရခဲ့ပါသည်။**

အဆုံးစွန်၌ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းဖြင့် ကျောင်းသူကျောင်းသားတို့ မိမိ၏သင်ယူမှုကို ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း၊ လုပ်ဆောင်ရန်နောက်အဆင့်များကို ကိုယ်တိုင်ချမှတ်ခြင်း၊ သင်ယူမှုအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။ ပြန်လည်သုံးသပ်ရာတွင် အထူးသဖြင့် ကျောင်းသူကျောင်းသားငယ်များအတွက် ဆရာ/မတို့၏ အားပေးပံ့ပိုးမှုများ လိုအပ်ပါမည်။ ပြန်လည်သုံးသပ်နိုင်စွမ်း ဖွံ့ဖြိုးရန်လည်းကောင်း၊ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုကို အဓိပ္ပါယ်ရှိရှိသုံးရန်လည်းကောင်း အချိန်လိုအပ်ပါမည်။

ကျောင်းသူကျောင်းသားများသည့်အတန်းများကို သင်ကြားသည့်အခါ ကျောင်းသူကျောင်းသားတစ်ဦးချင်းအား မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုအကြောင်းနားလည်နိုင်အောင် ပြောကြားပေးရန်နှင့် ကျောင်းသူကျောင်းသားတို့အဆင်ပြေပြေလုပ်နိုင်ရန်တို့ ခက်ခဲနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့၏ စစ်ဆေးအကဲဖြတ်မှုကို သိမြင်နိုင်မည့် စနစ်တစ်ခုကို သုံးနိုင်ပါသည်။ ဆွေးနွေးခဲ့သည့် မီးပွိုင့်၊ လက်ချောင်းထောင်ပြခြင်းစသည်တို့သည်လည်း စစ်ဆေးအကဲဖြတ်မှုပုံစံများပင် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားတို့ အလုပ်တစ်ခုပြီးသည့်အခါ ကိန်းဂဏန်းတစ်ခုကို ရေးမှတ်ထားစေခြင်းဖြင့် ဆရာ/မက အမှတ်ခြစ်သည့်အခါတွင် သူတို့ကိုယ်တိုင်ပြန်လည်သုံးသပ်မှုကို သိမြင်နိုင်ပါမည်။ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုကို ကျောင်းသူကျောင်းသားတို့ ကောင်းကောင်းနားလည်သွားလျှင် ဆက်လက်တိုးတက်ရန် ပိုမိုကောင်းမွန်စွာဆုံးဖြတ်နိုင်သည့်နည်းတူ သူတစ်ပါးကိုလည်း တုံ့ပြန်ဖြေကြားပြီး ပံ့ပိုးနိုင်ပါသည်။

## ၆.၃.၁ - အချင်းချင်းစစ်ဆေးအကဲဖြတ်မှု/တုံ့ပြန်ဖြေကြားမှု

ကျောင်းသူကျောင်းသားအချင်းချင်း ထိရောက်ပြီး အဓိပ္ပါယ်ရှိသော တုံ့ပြန်ဖြေကြားမှုလုပ်ဆောင်ရန် ဆရာ/မက ကျွမ်းကျင်မှုများကို သင်ကြားဖော်ဆောင်ပေးရပါမည်။ နမူနာဝါကျများ၊ ဝါကျပိုင်းများပေးပြီး စတင်လုပ်ဆောင်စေနိုင်ပါသည်။

- မင်း ---- ပုံကို ကြိုက်တယ်
- မင်း ---- ခဲ့တာ သတိထားမိတယ်
- မင်း ---- ခဲ့တာ တွေ့ခဲ့ရတယ်
- ဘယ်လို ---- ဖို့ဆုံးဖြတ်ခဲ့တာလဲ
- မင်း ---- ကိုဖတ်ပြီးပြီဆိုတော့ ----တယ်ဆိုတာ ဆရာ/မ နားလည်ပါပြီ
- မေးစရာတစ်ခုရှိတာက ----




**ပြန်လည်သုံးသပ်ပါ -** အထက်ပါပုံနှင့် တုံ့ပြန်ဖြေကြားမှု ဥပမာနှစ်ရပ်ကိုကြည့်ပါ။ ကျောင်းသူကျောင်းသားတို့ အတွက် မည်သည့်ဥပမာက ပိုအသုံးဝင်ပါမည်နည်း။

ကျောင်းသူကျောင်းသားအချင်းချင်း တိုးတက်မှုကိုအကဲပြုသည့်အခါ အောင်မြင်မှုအတွက်စံများသည် ဆွေးနွေးလိုသောအပိုင်းများကို အစဖော်ပေးရာတွင် အသုံးဝင်နိုင်ပါသည်။ ဆရာ/မတို့သည် ကျောင်းသူကျောင်းသားအချင်းချင်း တုံ့ပြန်ဖြေကြားမှုကို စောင့်ကြည့်လေ့လာခြင်း၊ ပါဝင်ဆွေးနွေးခြင်း၊ လိုအပ်လျှင် စကားပြောပုံနမူနာပြခြင်းတို့ လုပ်ဆောင်ရပါမည်။ ဤသို့ စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ကျောင်းသူကျောင်းသားတို့ သင်ယူမှုတွင်ပိုမိုစိတ်ဝင်စားကာ အတန်းတွင်းမလုပ်မယှက်ဖြစ်မှုများ လျော့နည်းသွားပြီး စိတ်ချလက်ချဆရာလွတ်လုပ်ဆောင်နိုင်လာပါမည်။ ကျောင်းသူကျောင်းသားတို့ အပြုသဘောဆောင် ဆက်သွယ်လုပ်ကိုင်မည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကိုလည်း ပံ့ပိုးတည်ဆောက်ပေးနိုင်ပါမည်။

**လုပ်ဆောင်ချက် ၁၅.၁၁ - အချင်းချင်းစစ်ဆေးအကဲဖြတ်မှု (၂၀ မိနစ်)**

https://www.youtube.com/watch?v=hqh1MRWZjms



- **ဗီဒီယိုကြည့်**ပြီး ကျောင်းသူကျောင်းသားတို့က ပေးသော တုံ့ပြန်ဖြေကြားမှုများကို နားထောင်ပါ။
- ထိုတုံ့ပြန်ဖြေကြားမှုများသည် မည်မျှတိကျပါသနည်း။
- ၎င်းတို့သည် စွမ်းဆောင်မှုအပေါ် မည်သို့သက်ရောက်ပါသနည်း။
- ဆရာက 'yet'ဟူသော စကားလုံးကိုအလွန်အကျွံသုံးနေကြောင်း သတိထားမိပြီလား။ ဘာကြောင့်ထိုသို့သုံးပါသနည်း။
- မိမိက ကျောင်းသူကျောင်းသားအချင်းချင်းတုံ့ပြန်ဖြေကြားစေခဲ့သည့်အချိန်ကိုပြန်တွေးပါ။ မည်မျှထိရောက်ပါသနည်း။
- ဤမျှငယ်ရွယ်သည့် ကျောင်းသူကျောင်းသားများက ထိထိရောက်ရောက် တုံ့ပြန်ဖြေကြားနိုင်ရန် ဆရာ/မက လုပ်ပြနိုင်သည့် နမူနာအကြောင်း စဉ်းစားပါ။

## ၇. စစ်ဆေးအကဲဖြတ်မှုအပေါ် အယူအဆအလွဲများနှင့် စိန်ခေါ်မှုများ

စစ်ဆေးအကဲဖြတ်နည်းအမျိုးမျိုးသုံးရသည့် ရည်ရွယ်ချက်မှာ ကျောင်းသူကျောင်းသားတို့အား သင်ယူမှုတွင် ပိုမိုနက်နဲစွာ ပါဝင်စေကာ ဆရာ/မတို့သည်လက်ရှိအလုပ်ထက်ပိုလုပ်ရမည့်အစား အလားတူအလုပ်ဖြင့်ပင် သင်ခန်းစာများ ပိုမိုထိရောက်စေရန် ဖြစ်ပါသည်။

ဤသင်ရိုးပိုင်းရှိနည်းလမ်းများသည် အလုပ်တိုင်းအတွက်မဟုတ်ဘဲ အချိန်တိတိကျကျ သတ်မှတ်ပြီးသုံးရန် ကြိုတင်ပြင်ဆင်၍ ရမည်လည်းမဟုတ်ပါ။ ဥပမာ တစ်ပတ်လျှင် ကျောင်းသူကျောင်းသားတစ်ယောက်ကို အလုပ်တစ်ခုလုပ်စေခြင်း။ လုပ်ငန်းအတတ်ပညာအရ ဆုံးဖြတ်ရခြင်းဖြစ်ကာ သင်ခန်းစာတွင် ထိုနည်းလမ်းများ သုံးလေလေ မိမိကထိရောက်စွာပြင်ဆင်နိုင်ရန် လိုအပ်သည့်အချက်အလက်များကို ရရှိရေးအတွက် အသုံးတည့်လေလေ ဖြစ်ကြောင်း တွေ့ရပါမည်။



**•တုံ့ပြန်ဖြေကြားခြင်း**

• ကျောင်းသူကျောင်းသားတို့ စိတ်ဆိုးမည်၊ မကောင်းမြင်မည်ကို ဆရာ/မတို့က ပူပန်လေ့ရှိပါသည်။ ဆက်ဆံရေးနှင့် ယုံကြည်မှုတို့ကို တည်ဆောက်နိုင်လျှင် တုံ့ပြန် ဖြေကြားမှုများ ပိုမိုထိရောက်နိုင်ပါမည်။



**•ကျောင်းသူကျောင်းသားတို့ အတန်းတွင်း စကား ပိုမိုပြောဆိုခြင်း**

• မိမိတို့သင်ကြားမှု လျော့ကျသွားသည်ဟု ဆရာ/မတို့ ထင်ကောင်းထင်ကြပါမည်။ ကျောင်းသူကျောင်းသားများ ၎င်းတို့၏သင်ယူမှုကို ဆွေးနွေးရန်နှင့် နောက်အဆင့်များအတွက် ပြင်ဆင်ရာတွင် ပါဝင်ရန် အချိန်ယူရပါမည်။



**•အပြောင်းအလဲကို ကြောက်ခြင်း**

• ဆရာ/မတို့သည် အပြောင်းအလဲကိုလည်းကောင်း သင်ခန်းစာအတွင်း တုံ့ပြန်ဖြေကြားချိန်မရမည်ကိုလည်းကောင်း စိုးရိမ်ကြ ပါသည်။ ကျောင်းသူ ကျောင်းသားတို့အား သင်ယူမှုကိုသုံးသပ်ခွင့်ပေးလျှင် သင်ယူမှုပိုမိုထိရောက်နိုင်ပါသည်။

Image sources: https://pixabay.com/vectors/emoji-emoticon-face-emotion-5258643/ (free)

### လုပ်ဆောင်ချက် ၁၅.၁၂ - စစ်ဆေးအကဲဖြတ်မှုအကြောင်း လွဲမှားသည့်အယူများ (၂၀ မိနစ်)

- ဤသင်ရိုးပိုင်းမှအချက်အလက်များသုံးပြီး စစ်ဆေးအကဲဖြတ်မှုအပေါ် အောက်ပါအယူလွဲမှုများကို ဖတ်ရှုပါ။ သင်ယူမှုဂျာနယ်အတွင်း ဇယားကို ကူးရေးပြီး လုပ်ဖော်ကိုင်ဖက်တစ်ဦးက ဤမှတ်ချက်များပေးသည်ဟု စိတ်ကူးပါ။
- မိမိအဖြေများရေးသားပြီး ပေးထားသည့် အကြံပြုချက်များအပေါ် ပြန်လည်သုံးသပ်ပါ။

| | |
|---|---|
| **"စာမေးပွဲစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့ အတူတူပင်ဖြစ်သည်"** | |
| **"ဖန်တီးမှုပိုမိုရှိသောနည်းများကို သုံးလျှင် ဆရာ/မတို့ အတန်းထိန်းနိုင်မည်မဟုတ်ပါ"** | |
| **"အချင်းချင်းတုံ့ပြန်ဖြေကြားခြင်းဖြင့် ကျောင်းသူကျောင်းသားတို့ အလုပ်ကို အာရုံမစိုက်ဘဲ အချင်းချင်း စကားပြောနေကြမည်"** | |
| **"စာမေးပွဲသာလျှင် အမှန်တကယ်အရေးကြီးသည့် စစ်ဆေးအကဲဖြတ်မှုဖြစ်သည်"** | |
| **"စစ်ဆေးအကဲဖြတ်မှုဟူသည်မှာ ဆရာ/မက ကျောင်းသူကျောင်းသားတို့အလုပ်အပေါ် တုံ့ပြန်ဖြေကြားခြင်းဖြစ်သည်"** | |
| **"ကျောင်းသူကျောင်းသားတို့ လုပ်ထားသည့်အလုပ်ကို အမြဲတမ်း အမှတ်ပေးရန် လိုအပ်သည်"** | |
| | |

### လုပ်ဆောင်ချက် ၁၅.၁၂ - အကြံပြုသည့်အဖြေများ

| | |
|---|---|
| **"စာမေးပွဲစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့ အတူတူပင်ဖြစ်သည်"** | ကျောင်းသူကျောင်းသားတို့အား စစ်ဆေးအကဲဖြတ်နည်းများတွင် စနစ်တကျ စာမေးပွဲစစ်ခြင်း ပါဝင်ပါသည်။ သို့ရာတွင် ဆရာ/မတစ်ဦးသည် သင်ယူမှုလုပ်ငန်းစဉ်တစ်လျှောက်တွင် စနစ်တကျနှင့်အလွတ်သဘော စစ်ဆေးအကဲဖြတ်မှုမျိုးစုံကို အသုံးချမည်သာဖြစ်သည်။ ကျောင်းသူကျောင်းသားတို့ မည်မျှ ကောင်းမွန်စွာ သင်ယူနေကြောင်းကို စစ်ဆေးမှုမှန်သမျှသည် စစ်ဆေးအကဲဖြတ်မှုပင်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ရာမှ ရရှိသည့်အချက်အလက်များအပေါ် အခြေပြုလျက် သင်ကြားသင်ယူရေးချဉ်းကပ်နည်းများကို လိုက်လျောညီထွေ ပြုပြင်ကာ သင်ယူမှုရလဒ်များကို တိုးတက်လာစေပါမည်။ |
| **"ဖန်တီးမှုပိုမိုရှိသောနည်းများကို သုံးလျှင် ဆရာ/မတို့ အတန်းထိန်းနိုင်မည်မဟုတ်ပါ"** | သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်မှုတွင် ကျောင်းသူကျောင်းသားအချင်းချင်း အတန်းတွင်း ဆွေးနွေးရန် လိုအပ်ပါသည်။ စကားပြောရသောကြောင့် အသံများရှိပါမည်။ မည်သည့်အချိန်တွင် ကျောင်းသူကျောင်းသားတို့စကားပြောပြီး မည်သည့်အချိန်တွင်တိတ်တိတ်နေရန် ဆရာ/မကဆုံးဖြတ်ပါမည်။ ကျောင်းသူကျောင်းသား |

| | |
|---|---|
| | တို့ နားလည်မှုတိုးလေလေ အပြအမူကပိုမိုကောင်းမွန်လာလေ့ဖြစ်ကြောင်းလည်း တွေ့ရပါသည်။ |
| **"အချင်းချင်းတုံ့ပြန်ဖြေကြားခြင်းဖြင့် ကျောင်းသူကျောင်းသားတို့ အလုပ်ကို အာရုံမစိုက်ဘဲ အချင်းချင်း စကားပြောနေကြမည်"** | မိမိတို့ဘာကိုဆွေးနွေးနေကြောင်း ကျောင်းသူကျောင်းသားတို့ရှင်းလင်းသည့်အခါမှသာလျှင် အချင်းချင်း တုံ့ပြန်ဖြေကြားနိုင်ပါမည်။ ကျောင်းသူကျောင်းသားများသည် အချင်းချင်းလုပ်ထားသည့်အရာများအား အကဲဖြတ်ပုံကို စဉ်းစားပြီး နားလည်ရပါမည်။ အောင်မြင်မှုအတွက်စံများကို ကျောင်းသူကျောင်းသားတို့ နက်နက်နဲနဲ တွေးပြီးသုံးနိုင်လျှင် အချင်းချင်းအကျိုးရှိရှိ တုံ့ပြန်ဖြေကြားနိုင်ကာ မိမိတို့ကိုယ်တိုင်လည်း ပိုမိုနားလည်လာပါမည်။ |
| **"စာမေးပွဲသာလျှင် အမှန်တကယ် အရေးကြီးသည့် စစ်ဆေး အကဲဖြတ်မှု ဖြစ်သည်"** | ပညာရေးတွင်ရှေ့ဆက်နိုင်ရန် ကျောင်းသူကျောင်းသားတို့သည် အရည်အချင်းစစ်စာမေးပွဲများကို ဖြေဆိုရပါသည်။ သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်မှု ချဉ်းကပ်နည်း၏ ရလဒ်တစ်ခုမှာ သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုတွင် ကျောင်းသူ ကျောင်းသားတို့ကို အထောက်အကူပြုခြင်းဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်မှုနှစ်မျိုးလုံးသည် ဆက်စပ်နေပြီး အနာဂတ်သင်ယူမှုအတွက်အသုံးဝင်ပါသည်။ |
| **"စစ်ဆေးအကဲဖြတ်မှုဟူသည်မှာ ဆရာ/မက ကျောင်းသူ ကျောင်းသားတို့ အလုပ်အပေါ် တုံ့ပြန်ဖြေကြားခြင်း ဖြစ်သည်"** | စကားအပြန်အလှန်ပြောခြင်းသည် အကောင်းဆုံးတုံ့ပြန်ဖြေကြားမှုဖြစ်ပါသည်။ ကျောင်းသူကျောင်းသားတို့ မိမိတို့၏စွမ်းဆောင်မှုကို တက်တက်ကြွကြွ စစ်ဆေးအကဲဖြတ်ကြသည့်အခါ အကူအညီလိုသည့်နေရာများကို ဖော်ထုတ်တတ်လာပြီး မိမိတို့၏ဆရာ/မနှင့် ဆွေးနွေးနိုင်ပါသည်။ ဤသို့အားဖြင့် ဆရာ/မကလည်း ကျောင်းသူကျောင်းသားတို့၏နားလည်မှုအကြောင်း သိရှိနိုင်ပါသည်။ |
| **"ကျောင်းသူကျောင်းသားတို့ လုပ်ထားသည့်အလုပ်ကို အမြဲတမ်း အမှတ်ပေးရန် လိုအပ်သည်"** | အဆင့်သတ်မှတ်ပေးသည့်အခါ ကျောင်းသူကျောင်းသားတို့က အဆင့်ကိုဖတ်ပြီး မှတ်ချက်ကိုမကြည့်ကြောင်းသုတေသနကတွေ့ရှိထားပါသည်။ သင်ယူသူများသည် အဆင့်ကိုမတွေ့မီ ဆရာ/မတို့၏ တုံ့ပြန်ဖြေကြားမှုနှင့်မှတ်ချက်ကို ဦးစွာဖတ်ပြီး ပြင်စရာရှိသည်များကို ပြင်ခြင်းက ပိုမိုထိရောက်လေ့ရှိပါသည်။ |

## ၈. စစ်ဆေးအကဲဖြတ်မှုနှင့်အားလုံးအကျုံးဝင်မှုဆက်စပ်ပုံ



ဤသင်ရိုးပိုင်းတစ်လျှောက် ကျောင်းသူကျောင်းသားတို့ကို စစ်ဆေးအကဲဖြတ်နိုင်မည့် နည်းလမ်းအသွယ်သွယ်ကို စူးစမ်းခဲ့ပါပြီ။ ဆရာ/မတစ်ဦးအနေဖြင့် ကျောင်းသူကျောင်းသားတို့ကို နားလည်သိရှိထားမှုအပေါ် အခြေပြုလျက် လုပ်ငန်းအတတ်ပညာအရ အကဲဖြတ်နိုင်ရပါမည်။ ဥပမာ သင်ယူမှုယူနစ်တစ်ခုအပြီး ကျောင်းသူကျောင်းသားအားလုံး စာမေးပွဲဖြေရန် လိုမလို မိမိသာလျှင် အသိဆုံးဖြစ်ပါမည်။

အားလုံးအကျုံးဝင်သောစစ်ဆေးအကဲဖြတ်မှုသည် ကျောင်းသူကျောင်းသားတို့ မိမိတို့နှင့် ထိုက်တန်သည့် အဆင့်ကိုရရှိခြင်းနှင့် မိမိတို့၏အသိပညာနှင့် ကျွမ်းကျင်မှုကို မထင်ဟပ်သော အဆင့်ကိုမရခြင်းတို့အကြား ကွဲပြားခြားနားစေသဖြင့် ဘဝကိုပြောင်းလဲစေနိုင်ပါသည်။ ကျောင်းသူကျောင်းသား

တို့အား စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် မထည့်သွင်းထားလျှင် ၎င်းတို့၏တိုးတက်မှုကို မည်သို့စောင့်ကြည့်ပြီး မိမိကိုယ်ကို ယုံကြည်စိတ်ချပြီးဆရာလွတ်လုပ်နိုင်သည့် ကျောင်းသူကျောင်းသားများ မည်သို့ ဖြစ်စေနိုင်ပါမည်နည်း။ ဆရာ/မများအနေဖြင့် ကျောင်းသူကျောင်းသားအားလုံးအား အထိရောက်ဆုံး စစ်ဆေးအကဲဖြတ်နိုင်မည့်နည်းကို ရှာဖွေရန် တာဝန်ရှိပါသည်။


အားလုံးပိုမိုအကျိုးဝင်စေမည့် စစ်ဆေးအကဲဖြတ်မှုကို ချမှတ်ကာ ကျောင်းသူကျောင်းသားတို့၏ အသိပညာ၊ နားလည်မှု၊ ကျွမ်းကျင်မှု၊ တတ်ကျွမ်းမှုများကိုပြသရန် မျှမျှတတရှိပြီးတန်းတူရည်တူဖြစ်သော အခွင့်အလမ်းများပေးနိုင်ပုံကို စဉ်းစားပါ။ ချိန်ညှိမှုများကို အဆုံးစွန်တွင် လိုအပ်သလိုပြုလုပ်ရမည်ပြီး စစ်ဆေးအကဲဖြတ်မှုပုံစံချသည့်အခါ ထည့်သွင်းစဉ်းစားနိုင်ပါသည်။

စစ်ဆေးအကဲဖြတ်မှုကို အားလုံးအကျိုးဝင်စေရန် စီစဉ်သည့်အခါ အောက်ပါတို့ကို စဉ်းစားပါ။

- **စစ်ဆေးအကဲဖြတ်ချိန်** - ကျောင်းသူကျောင်းသားအားလုံး ညီတူညီမျှဖြေဆိုခွင့်ရပါမည်။
- **ကြာချိန် –** ကျောင်းသူကျောင်းသားတို့အားလုံးအတွက် အဆင်ပြေမည့် ကြာချိန်ဖြစ်သည်။ မေးခွန်းဖတ်ရန် အချိန်ထပ်လိုသူများ ရှိပါသလား။ ကျောင်းသူကျောင်းသားတို့ဘာကိုသိပြီး ဘာကိုလုပ်ဆောင်နိုင်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းများ ညီတူညီမျှ ရှိရပါမည်။
- **သင်ယူမှုကိုထင်ဟပ်သည့်စစ်ဆေးအကဲဖြတ်မှု –** သင်ကြား/သင်ယူထားသည့် အသိပညာ၊ နားလည်မှု၊ ကျွမ်းကျင်မှု၊ တတ်ကျွမ်းမှုတို့အား လေ့လာတိုင်းတာနိုင်မည့် အခွင့်အလမ်းများကို ဆရာ/မ၊ ကျောင်းသူ/သားတို့ ရရှိစေပါသည်။
- **ကွဲပြားခြားနားစေမှု –** မိမိတို့သင်ယူမှုများကို ကျောင်းသူကျောင်းသားတို့က နည်းလမ်းအသွယ်သွယ်ဖြင့် ပြသနိုင်ပါမည်။ အခြားဘာသာစကားတစ်ခုပြောသူများအပါအဝင် ကျောင်းသူကျောင်းသားများသည် မိမိတို့၏ လိုအပ်ချက်များကြောင့် အခွင့်အလမ်းမရခြင်း မရှိသင့်ပါ။
- **တုံ့ပြန်ဖြေကြားမှုကို ရယူပါ -** ကျောင်းသူကျောင်းသားတို့၏ စစ်ဆေးအကဲဖြတ်မှုအတွေ့အကြုံအကြောင်း တုံ့ပြန်ဖြေကြားမှုကို ဆိုလိုသည်။ နောင်စစ်ဆေးအကဲဖြတ်မှုများတွင် ကျောင်းသူကျောင်းသားတို့ကို ပံ့ပိုးရန် လိုအပ်သည့် နယ်ပယ်များကို ဖော်ထုတ်ပါ။

### လုပ်ဆောင်ချက် ၁၅.၁၃ – တရားမျှတတိုင်း တန်းတူညီမျှမဖြစ်ပါ (၂၀ မိနစ်)

အောက်ပါတိရစ္ဆာန်များကိုကြည့်ပြီး တစ်ခုတည်းကို မျှမျှတတ စစ်ဆေးအကဲဖြတ်နိုင်မည့် နည်းလမ်းကိုတွေးပါ။ ၎င်းတို့ကို သင်ပင်တက်စေသည်ဟု စိတ်ကူးပါ။



- မိမိအတန်းနှင့်ကျောင်းတွင် ကြည့်ရှုလေ့လာမှုများကို ဤလုပ်ဆောင်ချက်ဖြင့်သုံးသပ်ပါ။
- တရားမျှတမှုသည် တန်းတူညီမျှမှုနှင့် မတူကြောင်းဟူသည့် အချက်ကိုဆွေးနွေးပါ။ တရားမျှတမှုဆိုသည်မှာ အားလုံးသည် မိမိတို့လိုအပ်သောအရာကို ရရှိခြင်းဖြစ်ပါသည်။

Image sources: https://freesvg.org/cartoon-fish-1576077127, https://publicdomainvectors.org/en/free-clipart/Monkey-hanging-on-a-branch/84685.html, https://openclipart.org/detail/326759/cute-elephant-4 (free)

## ဆွေးနွေးချက် - ပြန်လည်သုံးသပ်ခြင်း (၄၅ မိနစ်)

- **မေးခွန်းကို မိမိ ဘယ်လောက် ထိထိရောက်ရောက်မေးနေပါသလဲ။**
  ကျောင်းသူကျောင်းသားတို့ အသေးစိတ်ဖြေဆိုနိုင်အောင် မေးခွန်းပုံစံချမှတ်ပါ။
  မေးခွန်းမေးပြီး အနည်းဆုံး ၃ စက္ကန့်စောင့်ပါ။

- **မိမိတုံ့ပြန်ဖြေကြားမှုက ဘယ်လောက်ထိရောက်ပါသလဲ။**
  ကျောင်းသူကျောင်းသားတို့ လုပ်ဆောင်မှုအတွက် တိတိကျကျတုံ့ပြန်ဖြေကြားပါ။
  တိုးတက်အောင်မည်သို့လုပ်ဆောင်နိုင်ပုံကို ကျောင်းသူကျောင်းသားတို့ သိရှိစေရေးကို အားပေးရန် အကြံပြုပါ သို့မဟုတ် မေးခွန်းမေးပါ။

- **ကျောင်းသူကျောင်းသားအချင်းချင်း တုံ့ပြန်ဖြေကြားမှုကို မိမိက ဘယ်လောက် ထိထိရောက်ရောက် သုံးပါသလဲ။**
  ကျောင်းသူကျောင်းသားတို့ ပံ့ပိုးမှုရသည်ဟုခံစားရပြီး တုံ့ပြန်ဖြေကြားမှုကိုလည်း အကောင်းမြင်သည့် အပြုသဘောဆောင် သင်ယူမှုဝန်းကျင်ကို အားပေးပါ။
  အချင်းချင်းတုံ့ပြန်ဖြေကြားနည်းများကို သင်ပေးပါ။
  ကျောင်းသူကျောင်းသားများ တိတိကျကျတုံ့ပြန်ဖြေကြားနိုင်အောင် အောင်မြင်မှုအတွက်စံများကိုသုံးပါ။

- **မိမိသင်ကြားရေးမှာ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်မှုကို မည်မျှသုံးသလဲ။**
  ကျောင်းသူကျောင်းသားတို့အား မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ပုံကို နမူနာလုပ်ပြပါ။
  ကျောင်းသူကျောင်းသားတို့ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်နိုင်ရန် အချိန်သတ်မှတ်ပါ။

- **သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုမှ ကျောင်းသူကျောင်းသားတို့ ထိထိရောက်ရောက် သင်ယူနိုင်ရန် မိမိက ၎င်းတို့အားကူညီနေပါသလား။**
  သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုများကို ကျောင်းသူကျောင်းသားတို့အား ကြည့်ချိန်ပေးပြီး အချက်အလက်များ မည်သို့သုံးနိုင်ကြောင်း ဆွေးနွေးပါ။
  ကျောင်းသူကျောင်းသားအားလုံးပါဝင်ပြီး အောင်မြင်နိုင်စေရန် သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုကို လိုက်လျောညီထွေ ပြုပြင်ပါ။

**လုပ်ဆောင်ချက် ၁၅.၁၄ - အခြားဆရာ/မများနှင့် စစ်ဆေးအကဲဖြတ်မှုအကြောင်းဆွေးနွေးခြင်း (၂၀ မိနစ်)**

စစ်ဆေးအကဲဖြတ်မှုအကြောင်း ဗီဒီယိုကိုကြည့်ပါ။ စာသင်ခန်းတွင်းသုံးသည့် စစ်ဆေးအကဲဖြတ်မှုပုံစံအမျိုးမျိုးအပေါ် ဆရာ/မများ တုံ့ပြန်ဖြေကြားနေသည်ကို တွေ့ရပါမည်။




https://www.youtube.com/watch?v=62X1B_G2gpY


- လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးလိုသည့် နည်းများကို သင်ယူမှုဂျာနယ်တွင်မှတ်သားပါ။
- မိမိတွေ့ရသည့် စစ်ဆေးအကဲဖြတ်မှုပုံစံများကို စာရင်းပြုစုပါ။
- အခြားဆရာ/မများနှင့်တွေ့ပြီး စစ်ဆေးအကဲဖြတ်မှုအကြောင်း မည်မျှပြောဖြစ်ပါသနည်း။
- ၎င်းသည် အကျိုးရှိသည့်လုပ်ဆောင်မှုဖြစ်မည်ဟုထင်ပါသလား။

## ၉. လုပ်ဆောင်မှုသုတေသနအတွက်စိတ်ကူးစိတ်သန်းများ

သင်ရိုးပိုင်း ၆ တွင် အသေးစား လုပ်ဆောင်မှုသုတေသနလုပ်ငန်းကိုပြုလုပ်ခြင်းကို မိတ်ဆက်ခဲ့ပြီ။ အောက်ပါ ပုံပြဇယားတွင် လုပ်ဆောင်မှုသုတေသနစက်ဝန်းကို ပြထားပါသည်။

၁) သုတေသနမှ ရှာဖွေသိရှိလိုသည့် မေးခွန်းကို သတ်မှတ်ပါ
၂) မေးခွန်းကို ဖြေဆိုရန် စီစဉ်ပါ
၃) သုတေသနကို လုပ်ဆောင်ပါ - ကြည့်ရှုလေ့လာခြင်း၊ မေးမြန်းခြင်း စသည်ဖြင့်
၄) ကောက်ယူစုဆောင်းထားသော အချက်အလက်များကို ကြည့်ရှုသုံးသပ်ပါ
၅) မိမိအလုပ်ကို ပိုမိုကောင်းမွန်တိုးတက်နိုင်ရန်/ပုံကို စီစဉ်ပါ

မိမိလုပ်ဆောင်ခဲ့သည့် အပြောင်းအလဲကို စိတ်ချသည့်တိုင် စက်ဝန်းဆက်လက်လည်ပတ်ပါမည်။



### အကြံပြုချက်

- စစ်ဆေးအကဲဖြတ်နည်းများနှင့် ယင်းတို့၏ထိရောက်မှုကို စူးစမ်းခြင်း
- ကျောင်းသူကျောင်းသားတို့မှ ဆရာ/မထံသို့ တုံ့ပြန်ဖြေကြားမှုများကို ထည့်စဉ်းစားပါ။ သင် မည်သို့လုပ်ဆောင်ပြီး အချက်အလက်များကို မည်သို့သုံးပါမည်နည်း။
- စစ်ဆေးအကဲဖြတ်နည်းများ မည်မျှအားလုံးအကျုံးဝင်မှု ရှိမရှိကြည့်ပါ။ အသိပညာနှင့်ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ခြင်းလား။ မြန်မြန်ပြီးအောင်လုပ်နိုင်ခြင်းကို စစ်ဆေးအကဲဖြတ်ခြင်းလား။

## ၁၀. နိဂုံး

ဤသင်ရိုးပိုင်းတွင် အောက်ပါတို့ကို သင် လုပ်ဆောင်ခဲ့ပါသည်။

၁. သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်မှုဖြစ်စဉ်နှင့် လက်တွေ့အသုံးချပုံကို ဖော်ပြခြင်း

၂. ပညာရေးတွင် စစ်ဆေးအကဲဖြတ်မှု၏အခ‌ိပ္ပါယ် တိတိကျကျ ဖွင့်ဆိုပြီး သင်ယူမှုဖြစ်စဉ်အပေါ် သက်ရောက်ပုံကို ရှင်းပြခြင်း

၃. သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်မှု၏ အကျိုးကျေးဇူးများကိုရှင်းပြခြင်း

၄. အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု၊ သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုနှင့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုတို့အကြား အချိတ်အဆက်ကိုစူးစမ်းခြင်း

၅. အားလုံးအကျုံးဝင်မှုနှင့် စစ်ဆေးအကဲဖြတ်မှုတို့အကြား အချိတ်အဆက်နှင့် အားလုံးပိုမိုအကျုံးဝင်အောင် စစ်ဆေးအကဲဖြတ်နိုင်ပုံကို ပြန်လည်သုံးသပ်ခြင်း

### သင်ရိုးပိုင်းအဓိကအချက်များ

- ကျောင်းသူကျောင်းသားတို့မှ မိမိတို့လေ့လာသည့်အကြောင်းအရာကိုသိရှိခြင်း
- နောက်တစ်ကြိမ်တုံ့ပြန်ဖြေကြားမည့်အချိန်
- သင်ကြားတတ်မြောက်မှုကို ပြန်လည်သုံးသပ်ခွင့်ပေးခြင်း
- စစ်ဆေးအကဲဖြတ်မှုကိုသင်ယူမှုအတွက်သုံးခြင်း

### ပြန်လည်သုံးသပ်ချက်

ဤသင်ရိုးပိုင်းတွင် မိတ်ဆက်ထားသည့် အကြောင်းအရာများကိုမှတ်မိပြီး ပြန်တွေးနိုင်ရန် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။ သင်ယူမှုဂျာနယ်တွင် သုံးသပ်ချက်များကို ရေးမှတ်ပါ။

၁. မေးခွန်းမေးခြင်းကို မိမိ ဘယ်လောက် ထိထိရောက်ရောက်သုံးနေပါသလဲ။

၂. မိမိ၏တုံ့ပြန်ဖြေကြားမှုသည် မည်မျှထိထိရောက်ရောက်ပါသလဲ။

Q ၃. ကျောင်းသူကျောင်းသားအချင်းချင်း တုံ့ပြန်ဖြေကြားမှုကို မိမိက ဘယ်လောက် ထိထိရောက်ရောက် သုံးပါသလဲ။

၄. မိမိသင်ကြားရေးမှာ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်မှုကို မည်မျှသုံးသလဲ။

၅. စစ်ဆေးအကဲဖြတ်မှုများမှ ကျောင်းသူကျောင်းသားတို့ ထိထိရောက်ရောက် သင်ယူနိုင်ရန် မိမိက ၎င်းတို့အား ကူညီနေပါသလား။

## ၁၁. သင်ရိုးပိုင်း ၁၅ အဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။ ရာနှုန်းပြည့်မှန်သည့်တိုင် ကြိုက်သလောက် အကြိမ်ကြိမ် ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက် အဖြေတစ်ခုထက်ပိုမိုလိုအပ်ပါသည်။

မေးခွန်း ၁ - အောက်ပါတို့အနက် မည်သည်က သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုအတွက် ဖွင့်ဆိုချက်ဖြစ်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

က) ကျောင်းသူကျောင်းသားတို့တိုးတက်အောင်မြင်စေရန် သင်ကြားသင်ယူရေးလုပ်ဆောင်ချက်များကိုပြုပြင်ပြင်ဆင်နိုင်ရေး အတွက် သင်ယူမှုဖြစ်စဉ်အတွင်း ဆရာ/မကဆောင်ရွက်သည့် စနစ်တကျနှင့်အလွတ်သဘော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်အမျိုးမျိုး

ခ) အစီအစဉ်ရလဒ်ကို အဓိကထားလျက် ဖြေဆိုသူများကို စစ်ဆေးအကဲဖြတ်ခြင်း

မေးခွန်း ၂ - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်နိုင်သည့်အခါများမှာ (အဖြေ ၁ ခုကို ရွေးပါ)

က) သင်ခန်းစာအပြီး

ခ) သင်ခန်းစာမတိုင်မီ

ဂ) သင်ခန်းစာအတွင်း

ဃ) သင်ခန်းစာအတွင်း မည်သည့်အချိန်မဆို

မေးခွန်း ၃ - မိမိတို့စူးစမ်းလေ့လာခဲ့သည့် စစ်ဆေးအကဲဖြတ်ရေးစက်ဝန်းတွင် အောက်ပါတို့အနက် မည်သည်က အကျုံးမဝင်ပါ သနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

သင်ကြားခြင်းနှင့်သင်ယူခြင်း - အထောက်အထားစုဆောင်းခြင်း - ပိုင်းခြားစိတ်ဖြာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း - ရည်ရွယ်ချက်အသစ်များချမှတ်ခြင်း - သင်ခန်းစာကိုပြန်သင်ခြင်း

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည့်အဆိုကမှန်ကန်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

က) စီစဉ်မှုနှင့်စစ်ဆေးအကဲဖြတ်မှုတို့ အချိတ်အဆက်မရှိပါ။

ခ) စစ်ဆေးအကဲဖြတ်မှုအရ သင်ယူမှုရလဒ်များကို ပြန်လည်ပြင်ဆင်သင့်ပါသည်။

ဂ) စာသင်နှစ်၏သင်တန်းကာလအပြီး စစ်ဆေးအကဲဖြတ်မှုသည် အကောင်းဆုံးသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။

ဃ) ဆရာ/မနှင့် ကျောင်းသူကျောင်းသားတို့အကြားသာ တုံ့ပြန်ဖြေကြားမှုရှိကြသည်။

မေးခွန်း ၅ - အောက်ပါတို့အနက် မည်သည်က ဆရာ/မတို့က ကျောင်းသူကျောင်းသားများ၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ရာတွင် အထောက်အကူ မပြုနိုင်ပါသနည်း။ (အဖြေ ၂ ခု ကို ရွေးပါ)

- ကျောင်းခေါ်ချိန်မှတ်တမ်းကို စစ်ဆေးအကဲဖြတ်ခြင်း
- အစမ်းစာမေးပွဲအတိုတစ်ခု လုပ်ခြင်း
- အုပ်စုလိုက်ပူးပေါင်းလုပ်ဆောင်ခြင်း
- သင်ယူပုံများကို ကြည့်ရှုလေ့လာခြင်း
- မေးခွန်းမေးခြင်း
- အုပ်စုလိုက် တုံ့ပြန်ဖြေကြားခွင့်များ
- အမှတ်ပေးခြင်း
- ကျောင်းဝတ်စုံစည်းကမ်းများ

မေးခွန်း ၆ - ကြိုတင်စစ်ဆေးအကဲဖြတ်မှုသည် ကွဲပြားခြားနားသည့်သင်ယူမှုတွင် အသုံးဝင်ပါသည်။ ကြိုတင်စစ်ဆေးအကဲဖြတ်မှုသည် (အဖြေ ၁ ခုကို ရွေးပါ)

က) ယူနစ်အသစ် သို့မဟုတ် အသိသညာသစ်တစ်ခု မသင်ကြားမီ ကျောင်းသူကျောင်းသားတို့ ဘာသိထားကြောင်း စူးစမ်းခြင်းဖြစ်သည်။

ခ) တတ်မြောက်ထားသည့်အရာနှင့် ကြိုးစားမှုလိုသေးသည်များကို ကျောင်းသူကျောင်းသားတို့ ရှင်းပြစေနိုင်ရန် ၎င်းတို့၏ လုပ်ဆောင်မှု၊ နားလည်မှု၊ ကျွမ်းကျင်မှုတို့အပေါ် ၎င်းတို့အား ကြည့်ရှုစေပြီးမှတ်ချက်ပေးခွင့်ပြုခြင်းဖြစ်ပါသည်။

ဂ) သင်ခန်းစာသင်ကြားအပြီး ကျောင်းသူကျောင်းသားတို့ မည်သည်ကိုသင်ယူသွားကြောင်း စူးစမ်းခြင်းဖြစ်ပါသည်။

## သင်ရိုးပိုင်း ၁၅ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကိုစာလုံး**အမည်းရင့်**များဖြင့်ပေးထားပါသည်။

မေးခွန်း ၁ - အောက်ပါတို့အနက် မည်သည်က သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုအတွက် ဖွင့်ဆိုချက်ဖြစ်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

**က) ကျောင်းသူကျောင်းသားတို့တိုးတက်အောင်မြင်စေရန် သင်ကြားသင်ယူရေးလုပ်ဆောင်ချက်များကိုပြုပြင်ပြင်ဆင်နိုင်ရေး အတွက် သင်ယူမှုဖြစ်စဉ်အတွင်း ဆရာ/မကဆောင်ရွက်သည့် စနစ်တကျနှင့်အလွတ်သဘော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်အမျိုးမျိုး**

ခ) အစီအစဉ်ရလဒ်ကို အဓိကထားလျက် ဖြေဆိုသူများကို စစ်ဆေးအကဲဖြတ်ခြင်း

မေးခွန်း ၂ - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကိုလုပ်ဆောင်နိုင်သည့်အခါများမှာ (အဖြေ ၁ ခုကို ရွေးပါ)

က) သင်ခန်းစာအပြီး

ခ) သင်ခန်းစာမတိုင်မီ

ဂ) သင်ခန်းစာအတွင်း

**ဃ) သင်ခန်းစာအတွင်း မည်သည့်အချိန်မဆို**

ရှင်းလင်းချက် - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို အခွင့်သာတိုင်းလုပ်နိုင်ပြီး သင်ယူမှုအတွက် အသုံးတည့်လျှင်လည်းကောင်း၊ ကျောင်းသူကျောင်းသားတို့သင်ယူမှုအတွက် ဦးတည်မှုရှိသောအခွင့်အလမ်းအသစ်များကိုရရှိနေသမျှ စနစ်တကျဖြစ်စေ၊ အလွတ်သဘောဖြစ်စေ သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်နိုင်ပါသည်။

မေးခွန်း ၃ - မိမိတို့စူးစမ်းလေ့လာခဲ့သည့် စစ်ဆေးအကဲဖြတ်ရေးစက်ဝန်းတွင် အောက်ပါတို့အနက် မည်သည်က အကျုံးမဝင်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

သင်ကြားခြင်းနှင့်သင်ယူခြင်း - အထောက်အထားစုဆောင်းခြင်း - ပိုင်းခြားစိတ်ဖြာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း - ရည်ရွယ်ချက်အသစ်များချမှတ်ခြင်း - **သင်ခန်းစာကိုပြန်သင်ခြင်း**

ရှင်းလင်းချက် - ထိရောက်သည့်သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းက အပြောင်းအလဲကို ဖြစ်စေပါသည်။ အပြောင်းအလဲ မဖြစ်စေသော၊ ဦးတည်ချက်မပြောင်းသော သင်ခန်းစာကောင်း မရှိနိုင်ပါ။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည့်အဆိုကမှန်ကန်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

က) စီစဉ်မှုနှင့်စစ်ဆေးအကဲဖြတ်မှုတို့ အချိတ်အဆက်မရှိပါ။ (**မှား** - စစ်ဆေးအကဲဖြတ်မှုသည် အစီအစဉ်ရေးဆွဲရေးကို အထောက်အကူပြုသင့်ပါသည်။ ထို့ကြောင့် ၎င်းတို့ ဆက်စပ်နေပါသည်။)

**ခ) စစ်ဆေးအကဲဖြတ်မှုအရ သင်ယူမှုရလဒ်များကို ပြန်လည်ပြင်ဆင်သင့်ပါသည်။ (မှန် -** သင်ယူမှုရလဒ်များ သင့်တော်မတော်၊ ပြောင်းရန်လိုမလို သင်ခန်းစာအတွင်း စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ရပါမည်။)

ဂ) စာသင်နှစ်၏သင်တန်းကာလအပြီး စစ်ဆေးအကဲဖြတ်မှုသည် အကောင်းဆုံးသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ (**မှား** - စာသင်နှစ်၏သင်တန်းကာလအပြီး စစ်ဆေးအကဲဖြတ်မှုသည် သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုမှု တစ်စိတ်တစ်ပိုင်း ဖြစ်သော်လည်း ဆရာ/မအား စဉ်ဆက်မပြတ်သင်ယူမှုကို အပြောင်းအလဲမပြုစေနိုင်ပါ)

ဃ) ဆရာ/မနှင့် ကျောင်းသူကျောင်းသားတို့အကြားသာ တုံ့ပြန်ဖြေကြားမှုရှိကြသည်။ (**မှား** - ဆရာ-တပည့်/အချင်းချင်း/တပည့်-ဆရာ၊ တစ်ခါတစ်ရံ မိဘ/ဆရာ/တပည့်အကြား တုံ့ပြန်ဖြေကြားမှုဟူ၍အမျိုးမျိုးရှိပါသည်)

မေးခွန်း ၅ - အောက်ပါတို့အနက် မည်သည်က ဆရာ/မတို့က ကျောင်းသူကျောင်းသားများ၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ရာတွင် အထောက်အကူ မပြုနိုင်ပါသနည်း။ (အဖြေ ၂ ခု ကို ရွေးပါ)

- **ကျောင်းခေါ်ချိန်မှတ်တမ်းကို စစ်ဆေးအကဲဖြတ်ခြင်း**
- အစမ်းစာမေးပွဲအတိုတစ်ခု လုပ်ခြင်း
- အုပ်စုလိုက်ပူးပေါင်းလုပ်ဆောင်ခြင်း
- သင်ယူပုံများကို ကြည့်ရှုလေ့လာခြင်း
- မေးခွန်းမေးခြင်း
- အုပ်စုလိုက် တုံ့ပြန်ဖြေကြားခွင့်များ
- အမှတ်ပေးခြင်း
- **ကျောင်းဝတ်စုံစည်းကမ်းများ**

ရှင်းလင်းချက် - ကျောင်းခေါ်ချိန်မှတ်တမ်းနှင့် ကျောင်းဝတ်စုံစည်းကမ်းများက ကျောင်းသူကျောင်းသားတို့ ကျောင်းတက်မတက်၊ စည်းကမ်းလိုက်နာခြင်းရှိမရှိ သိစေနိုင်သော်လည်း ကျောင်းသူကျောင်းသားတို့၏ သင်ယူမှုကို ပိုင်းခြားစိတ်ဖြာရာတွင် အသုံးမဝင်ပါ။

မေးခွန်း ၆ - ကြိုတင်စစ်ဆေးအကဲဖြတ်မှုသည် ကွဲပြားခြားနားသည့်သင်ယူမှုတွင် အသုံးဝင်ပါသည်။ ကြိုတင်စစ်ဆေးအကဲဖြတ်မှုသည် (အဖြေ ၁ ခုကို ရွေးပါ)

**က) ယူနစ်အသစ် သို့မဟုတ် အသိသညာသစ်တစ်ခု မသင်ကြားမီ ကျောင်းသူကျောင်းသားတို့ ဘာသိထားကြောင်း စူးစမ်းခြင်းဖြစ်သည်။**

ခ) တတ်မြောက်ထားသည့်အရာနှင့် ကြိုးစားမှုလိုသေးသည်များကို ကျောင်းသူကျောင်းသားတို့ ရှင်းပြစေနိုင်ရန် ၎င်းတို့၏ လုပ်ဆောင်မှု၊ နားလည်မှု၊ ကျွမ်းကျင်မှုတို့အပေါ် ၎င်းတို့အား ကြည့်ရှုစေပြီးမှတ်ချက်ပေးခွင့်ပြုခြင်းဖြစ်ပါသည်။

ဂ) သင်ခန်းစာသင်ကြားအပြီး ကျောင်းသူကျောင်းသားတို့ မည်သည်ကိုသင်ယူသွားကြောင်း စူးစမ်းခြင်းဖြစ်ပါသည်။

## ၁၂. သင်ကြားသင်ယူရေးကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း

**လုပ်ဆောင်ချက် ၁၅.၁၅ မိမိကိုယ်တိုင်၏ သင်ကြားရေးအလေ့အကျင့်ကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း (၃၀ မိနစ်)**

စောစောပိုင်းကလုပ်ခဲ့သည့် လုပ်ဆောင်ချက်အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း - စစ်ဆေးအကဲဖြတ်မှုကို သင့် သင်ယူမှုအတွက် အသုံးပြုပုံကို ကျောင်းအုပ်ကြီးက တွေ့ဆုံမေးမြန်းလိုပါသည်။ ကျောင်းအုပ်ကြီးက **အောက်ပါအဆိုကိုဖြည့်စေပါသည်။** သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါ။

၁. ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ရန်လည်းကောင်း၊ စစ်ဆေးအကဲဖြတ်ရာတွင် အားလုံး အကျုံးဝင်စေရန်လည်းကောင်း ထားရှိသည့်စနစ်များမှာ

၁. …

၂. …

၃. …

### လုပ်ဆောင်ချက် ၁၅.၁၆ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - **သင်ကြားမည့်အကြောင်းအရာနှင့် သင်ကြားပုံကို အထောက်အကူပြုရန် စစ်ဆေးအကဲဖြတ်မှုကို သင် မည်မျှသုံးပါသနည်း**။ အောက်ပါစကေးမှ မိမိကို အတိကျဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင် ဖြေဆိုပါ။

သိပ်မသုံးပါ ← 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 → အမြဲသုံးပါသည်

ဤသင်ရိုးပိုင်းအစ ပထမအကြိမ်စစ်ဆေးအကဲဖြတ်မှုမှ ရမှတ်နှင့် ဤအမှတ်ကို **နှိုင်းယှဉ်ပါ။** ခြားနားမှုရှိခဲ့လျှင် ပိုင်းခြားစိတ်ဖြာမှု အတိုတစ်ခု လုပ်ဆောင်လျက် သင်ယူမှုဂျာနယ်တွင်ရေးပါ။

# မိမိ၏ကျောင်းသူကျောင်းသားများအတွက် ၁၅ ခု မြောက် ကတိ

**၁ စီစဉ်ပါ** — စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ။**

**၂ လုပ်ဆောင်ပါ** — အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ။**

**၃ သုံးသပ်ပါ** — 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ။**

**သင်ယူမှုဂျာနယ်ရှိ 'ကတိများ'အပိုင်းတွင် သင့် ၁၅ ခုမြောက်ကတိကိုထည့်လိုက်ပါ။ သင်ရိုးပိုင်းတစ်ပိုင်းစီတွင် ကျောင်းသူကျောင်းသားတို့ထံပေးသည့် ကတိတစ်ခုစီရှိပါမည်။ သင် ယခု စုစုပေါင်း ကတိ ၁၅ ခု ပေးပြီးပြီဖြစ်ပါသည်။** အားလုံးပိုမိုအကျုံးဝင်သောဆရာဖြစ်လာရန် သင်ပေးပြီးသောကတိများကို သင့် သင်ကြားရေး အလေ့အကျင့်နှင့်ဖွံ့ဖြိုးတိုးတက်မှု၏တစ်စိတ်တစ်ပိုင်းဖြစ်လာစေရန် မည်သို့လုပ်ဆောင်မည်ကိုတွေးပါ။ အောက်တွင် ဖော်ပြထားသော ဥပမာကိုသုံးပြီး အစီအစဉ်ရေးဆွဲနိုင်ပါသည်။

| **ပေးထားသည့်ကတိ** | **မိမိလက်ရှိနေရာ** | **ကတိတည်ရန်/ပန်းတိုင်ရောက်ရန် အဆင့်များ** |
|---|---|---|
| ၁. | | |
| ၂. | | |
| ၃. | | |
| ၄. | | |

**သုံးသပ်ပါ**

- မိမိအစီအစဉ်အတွက် မည်သူနှင့်ဆွေးနွေးပြီး ပံ့ပိုးမှုရယူနိုင်ပါသနည်း။
- မည်သည့်အခက်အခဲများကြုံနိုင်ပြီး မည်သို့ကျော်လွှားနိုင်ပါမည်နည်း။

## References


CLAS Network (2015) Assessment For Learning vs. Assessment Of Learning
https://www.youtube.com/watch?v=_wvRJyTExVU

IBE (2018) International Bureau of Education 'Training Tools for Curriculum Development – Reaching Out to All Learners: a Resource Pack for Supporting Inclusive Education'
Available online at:http://www.ibe.unesco.org/sites/default/files/resources/ibe-crp-inclusiveeducation-2016_eng.pdf

Hattie, J (2011) Visible Learning for Teachers: maximizing impact on learning

James, M (1998) Using Assessment for School Improvement

JFF (2013) Peer Assessment: Reflections from Students and Teachers
https://www.youtube.com/watch?v=DqWCJZH8ziQ

Rowe, MB (2008) Wait Time: Slowing Down May Be A Way of Speeding Up! Journal of Teacher Education. Online version: http://jte.sagepub.com/cgi/content/abstract/37/1/43

William, D (2011) Embedded Formative Assessment